မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၈ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၃ ရက်၊ ၂၀၀၇ ခုနှစ်၊ ဧပြီ ၄ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၆)၊ အမှတ် (၁၈၆)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် စင်ကာပူနိုင်ငံခြားရေးဝန်ကြီး H.E.Mr. George Yeo နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဧပြီ ၃

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော် နေပြည်တော်၌ ရောက်ရှိနေသော စင်ကာပူသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E.Mr. George Yeo နှင့်အဖွဲ့အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်း၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြပြီး စင်ကာပူသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. George Yeo နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Robert Chua တက်ရောက်သည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် စင်ကာပူသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E.Mr. George Yeo နှင့်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် စင်ကာပူသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. George Yeo အား နေပြည်တော်ရှိ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဧည့်ခန်းမ၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ ဧပြီလ ၄ ရက်)

လူကုန်ကူးမှု ပြဿနာ အမျိုးသားရေးတာဝန်အဖြစ် တိုက်ဖျက်

မြန်မာနိုင်ငံသည် လူကုန်ကူးမှုပြဿနာကို အလေးအနက်ထားသည့်အပြင် ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် လက်တွဲပူးပေါင်း ဆောင်ရွက်လျက်ရှိသည်။

လူကုန်ကူးမှုပြဿနာ ထိန်းချုပ်တားဆီးနိုင်ရေးအတွက် ၂၀၀၄ခုနှစ် မတ်လ ၃၀ရက်နေ့တွင် နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းနှင့် နောက်ဆက်တွဲ စာချုပ်ဖြစ်သည့် လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့် လူမှောင်ခိုတိုက်ဖျက်ရေးတို့တွင် အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့သည်။

အောက်တိုဘာလ ၂၉ရက်နေ့၌ မဟာမဲခေါင်ဒေသ ခြောက်နိုင်ငံ လူကုန်ကူးမှု ပူးပေါင်း တိုက်ဖျက်ရေး နားလည်မှုစာချွန်လွှာတွင်အဖွဲ့ဝင်အဖြစ် ပါဝင်လက်မှတ်ရေးထိုးပြီး ထိရောက်စွာ လုပ်ဆောင်လျက်ရှိသည်။ ထို့အပြင် ကုလသမဂ္ဂ၏ ပြဋ္ဌာန်းချက်များကိုလည်း လိုက်နာကျင့်သုံးပြီး လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးလုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ခဲ့သည်။

လူကုန်ကူးခံရသူများကို အကာအကွယ်ပေးနိုင်ရေးအတွက် လူကုန်ကူးမှု တားဆီး ကာကွယ်ရေးဥပဒေပြဋ္ဌာန်းပြီး ကျူးလွန်သူများအား ဥပဒေနှင့်အညီ အရေးယူ အပြစ်ပေးခဲ့သည်။ လူကုန်ကူးမှု ပြဿနာကို ထိရောက်စွာတိုက်ဖျက်နိုင်ရေးအတွက် အမျိုးသားအဆင့် ငါးနှစ်စီမံကိန်းရေးဆွဲပြီး ကဏ္ဍကြီးငါးရပ်ဖြင့် စနစ်တကျ ဆောင်ရွက်လျက်ရှိသည်။

၂၀၀၆ခုနှစ်အတွင်း တားဆီးနှိမ်နင်းရေး ဆောင်ရွက်ခဲ့ရာ လူကုန်ကူးမှု ၆၀ဖော်ထုတ်ခဲ့ပြီး လူကုန်ကူးခံရသူ ၂၀၀ကို ကယ်တင်နိုင်ခဲ့သည်။ လူကုန်ကူးသူ ၂၉၉ဦးကို ဥပဒေအရ အရေးယူခဲ့သည်။

လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးတွင် အမျိုးသားစီမံကိန်းနည်းဗျူဟာ လုပ်ငန်းစဉ်များ ဖြစ်သည့် ကြိုတင်ကာကွယ်ရေး၊ ဥပဒေအရ အရေးယူရေး၊ လူကုန်ကူးခံရသူများ အကာအကွယ်ပေးရေးနှင့် လူကုန်ကူးခံရသူများ ပြန်လည်ထူထောင်ရေးတို့ကို ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ လူမှုရေးအသင်းအဖွဲ့များနှင့်အတူ လက်တွဲ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ ကမ္ဘာ့နိုင်ငံအသီးသီး ရင်ဆိုင်နေရသည့် လူကုန်ကူးမှုပြဿနာကို မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်အတူ ပူးပေါင်းလက်တွဲပြီး အမျိုးသားရေးတာဝန်အဖြစ် တိုက်ဖျက်သွားမည် ဖြစ်ပေသည်။ ॥

မြဝတီရုပ်မြင်သံကြား

၄-၄-၂၀၀၇ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၅	၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၃၀	၄။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၅၀	၅။	မျိုးချစ်တပ်မတော်
၅း၁၀	၆။	ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
၅း၂၀	၇။	ရင်ခုန်စီးဆင်း အချစ်သီချင်း
၅း၃၀	၈။	ခါသကြီနိအဆိုအကများ
၅း၄၀	၉။	မြတ်နိုးကြစေ အမျိုးသားအမွေ
၅း၅၀	၁၀။	သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၂။	နိုင်ငံတကာသတင်း
၆း၂၀	၁၃။	မိုးလေဝသသတင်း
၆း၂၅	၁၄။	ခါသကြီနိအဆိုအကများ
၆း၃၅	၁၅။	လျှပ်တစ်ပြက်
၆း၄၅	၁၆။	လှုပ်လှုပ်ရှားရှားပုံရိပ်များ
၇း၀၀	၁၇။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မေတ္တာစမ်းရေ** (အပိုင်း-၃)
၈း၀၀	၁၈။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၀။	English Usage
	၂၁။	ဗွီစီဒီကျော်ကြားတေးများ
	၂၂။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မိုးနဂါးသိုင်းရှစ်ကွက်** (အပိုင်း-၁၈)

ရမ်းဗြဲမြို့ ကိုယ်ရံတောင်စေတီ ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပမည်

ရန်ကုန် ဧပြီ ၃

ရခိုင်ပြည်နယ် ရမ်းဗြဲမြို့တွင် ရှေးနှစ်ပေါင်း ၁၃၅ နှစ်ကျော်က တည်ထား ကိုးကွယ်ခဲ့ကြသောမြို့၏ ကျက်သရေဆောင် ကိုယ်ရံတောင် စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ကို ရမ်းဗြဲမြို့နယ်၏ ရိုးရာယဉ်ကျေးမှု အစဉ်အလာဖြစ်သော ရမ္မာဝတီ ရိုးရာလှေပြိုင်ပွဲ၊ ရိုးရာကျင်ပွဲနှင့် ဇာတ်ပွဲတို့ဖြင့် လေးရက်တိုင်တိုင် ဧပြီ ၁၇ရက်မှ ၂၀ရက် (၁၃၆၉ခုနှစ် ကဆုန်လဆန်း ၂ ရက်မှ ၅ ရက်) အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်တိုင်း ကြည့်မြင်တိုင် မြို့နယ် အင်းစိန်လမ်း အမှတ် ၁၆ နေ ဒေါ်လှရည်ဒေါ်ခင်ညိုညိုနှင့် သားသမီးများဖြစ်သော ဒေါက်တာ ရတနာအိသွယ်၊ မအေးမို့မို့သွယ်၊မောင်ထူးပြည့်စုံ၊ ဒေါက်တာ ဖြိုးပြည့်စုံ၊ မမြတ်စုသွယ် မိသားစုက ဒဂုံ မြို့နယ် အမှတ်

၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးရှဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်တစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

သွေးလွန်တုပ်ကွေးနှင့် ဝမ်းပျက်၊ ဝမ်းလျှောရောဂါ ကာကွယ်ရေး တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၃

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းသည် တာဝန်ရှိသူများလိုက်ပါလျက် မတ် ၃၁ ရက် နံနက် ၆နာရီခွဲက ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်၂၆ရပ်ကွက် အောင်ဇေယျအိမ်ရာ သန့်ရှင်းသာယာလှပရေးကော်မတီရုံး၌ ရန်ကုန်တိုင်း ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာလှမြင့်နှင့် တာဝန်ရှိသူများက တိုင်း၊ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်များအလိုက် သွေးလွန်တုပ်ကွေးနှင့် ဝမ်းပျက်၊ ဝမ်းလျှောရောဂါဖြစ်ပွားမှုနှုန်း လျော့ချနိုင်မှုအခြေအနေ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ သွေးလွန်တုပ်ကွေးနှင့် ဝမ်းပျက်၊ ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေ၊ မြို့နယ်အတွင်း ရပ်ကွက်များအလိုက် သန့်ရှင်းရေးနှင့် ရေစီးရေလာကောင်းမွန်ရေး လုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

ပူးပေါင်းဆောင်ရွက်

ထို့နောက် တိုင်းမှူးက သွေးလွန်တုပ်ကွေးရောဂါနှင့် ဝမ်းပျက်၊ဝမ်းလျှောရောဂါဖြစ်ပွားမှု မရှိစေရေးအတွက် ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီတို့နှင့်အတူ ပြည်သူလူထုက ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားသည်။

စစ်ဆေး

ယင်းနောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် အောင်ဇေယျအိမ်ရာဝင်းအတွင်း သွေးလွန်တုပ်ကွေးနှင့် ဝမ်းပျက်၊ ဝမ်းလျှောရောဂါကာကွယ်ရေး၊ ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ကျန်းမာရေး ပညာပေးဟောပြောနေမှု တို့ကိုလိုက်လံကြည့်ရှုစစ်ဆေးသည်။

အမှာစကားပြော

ဆက်လက်၍ တိုင်းမှူးသည် ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ သွေးလွန်တုပ်ကွေးရောဂါနှင့် ဝမ်းပျက်၊ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ကြရမည့် လုပ်ငန်းများနှင့် ပတ်သက်၍ အမှာစကားပြောကြားသည်။

တင်ပြ

ထို့နောက် မြို့နယ် ကျန်းမာရေး ဦးစီးဌာနမှူး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့က မြို့နယ်၊ ရပ်ကွက်အလိုက် သွေးလွန်တုပ်ကွေးရောဂါနှင့် ဝမ်းပျက်၊ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေ၊ သန့်ရှင်းရေးနှင့် ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများဆောင်ရွက်မှု အခြေအနေတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

လိုက်လံကြည့်ရှု

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် မရမ်းကုန်းမြို့နယ် အမှတ်(၅)ရပ်ကွက်အတွင်း သွေးလွန်တုပ်ကွေးရောဂါနှင့် ဝမ်းပျက်၊ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေးအတွက် လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှု စစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပေးအပ်လှူဒါန်း

ရန်ကုန်တိုင်း ကျောက်တံတားမြို့နယ် ဘားလမ်း အမှတ်၂၉၄နေ ဦးဝင်းအောင်၊ ဒေါ်ကြည်ကြည်ခင်၊ သားသမီး၊ မြေးတစ်စုတို့က မင်္ဂလာနေ့ အထိမ်းအမှတ် ဆွမ်းပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဘဏ္ဍာရေးမှူး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ရှမ်းပြည်နယ်(တောင်ပိုင်း)ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များဖွင့်လှစ်ပြီးစီးမှုအထိမ်းအမှတ် ငွေပဒေသာပင်၊ ရုပ်မြင်သံကြားဖမ်းစက်၊ စာအုပ်စာစောင်၊ အဆောက်အအုံများ လှူဒါန်းပွဲကျင်းပ

နေပြည်တော် ဧပြီ ၃

ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ပြီးစီးမှုအထိမ်းအမှတ် ငွေပဒေသာပင်၊ ရုပ်မြင်သံကြားဖမ်းစက်များ၊ ရေဒီယိုကက်ဆက်များ၊ စာအုပ်စာစောင်များ၊ အဆောက်အအုံများ ပေးအပ်လှူဒါန်းပွဲကို ဧပြီ ၂ ရက် နံနက် ၁၀ နာရီတွင် တောင်ကြီးခရိုင် အေးသာယာမြို့ နည်းပညာတက္ကသိုလ်ခန်းမ၌ကျင်းပရာ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် သောင်းအေး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ရှမ်းပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သင်းမျိုးမျိုးအောင်နှင့် လူမှုရေးအသင်းအဖွဲ့များ၊ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် စေတနာရှင်၊ အလှူရှင်များ တက်ရောက်ကြသည်။

ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် သောင်းအေး၊ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဝန်ကြီးဗိုလ်မှူးချုပ်တင်နိုင်သိန်းတို့ ရှမ်းပြည်နယ်(တောင်ပိုင်း) စာကြည့်တိုက်များ ဖွင့်လှစ်ခဲ့ခြင်း ဓာတ်ပုံမှတ်တမ်းများ၊ ရွှေနေကြာ နံရံကပ်စာစောင်များကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

မှာကြား

ရှေးဦးစွာ တိုင်းမှူး ဗိုလ်မှူးချုပ် သောင်းအေးက အမှာစကားပြောကြားရာတွင် အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်ကြီး တည်ဆောက်ရေးတွင် လိုအပ်မည့် အခြေခံအချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်အကြီးအကဲက ပထမဆုံးအခြေခံလိုအပ်ချက်မှာ နိုင်ငံတည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေး ဖြစ်ထွန်းရန်လိုအပ်ကြောင်း၊ ဒုတိယအခြေခံလိုအပ်ချက်မှာ အမျိုးသားစီးပွားရေးဘဝခိုင်မာတောင့်တင်းရေးဖြစ်ကြောင်း၊ တတိယအခြေခံလိုအပ်ချက်မှာ နိုင်ငံတော်က လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ ပညာရည်မြင့်မားရေးပင်ဖြစ်ကြောင်း လမ်းညွှန်မှာကြားခဲ့ကြောင်း။

ပံ့ပိုးကူညီ

ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်တွင် ကျေးလက်ပြည်သူများအားပညာရည်အဆင့်အတန်း မြင့်မားရေးအတွက် ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်လှစ်နိုင်ရေးသည် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်နေကြောင်း၊ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ လမ်းညွှန်မှု၊ ဒေသဆိုင်ရာအာဏာပိုင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင် အလှူရှင်များက ကြိုးပမ်းလှူဒါန်းဆောင်ရွက်ချက်များကြောင့် ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင်တွင် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ပေါင်း၂၆၇၂ခု၊ လွိုင်လင်ခရိုင်တွင် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ပေါင်း၂၈၀ ခု၊ လင်းခေးခရိုင်တွင် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ပေါင်း၁၃၅ခု စုစုပေါင်း ရှမ်းပြည်နယ်(တောင်ပိုင်း) တွင် စာကြည့်တိုက်ပေါင်း ၃၀၈၇ ခု ဖွင့်လှစ်ခဲ့ပြီးဖြစ်ကြောင်း၊ အဆိုပါ စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက်ကိုလည်း ပြန်ကြားရေးဝန်ကြီးဌာနက သတ်မှတ်ထားသောလုပ်ငန်းစဉ်ငါးရပ်ကို ဌာနဆိုင်ရာများနှင့် လူမှုရေး အသင်းအဖွဲ့များက အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်လာအောင် ပံ့ပိုးကူညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

ရှမ်းပြည်နယ်(တောင်ပိုင်း) ဒေသတွင် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရေးအတွက် စေတနာသဒ္ဓါတရားထက်သန်စွာ ဝိုင်းဝန်းပံ့ပိုးလှူဒါန်းခဲ့ကြသော စေတနာရှင် အလှူရှင်များ အားလုံးအား ကျေးဇူးတင်ဝမ်းမြောက်စွာဖြင့် မှတ်တမ်းတင်ပါကြောင်း ပြောကြားသည်။

ကျေးဇူးတင်

ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းက ပြောကြားရာတွင် ယနေ့ကျင်းပသည့် အခမ်းအနားသည် ရှမ်းပြည်နယ် (တောင်ပိုင်း) အတွင်းရှိ ကျေးလက်ပြည်သူများ အသိပညာ ဗဟုသုတကြွယ်ဝရေးအတွက် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွင့်လှစ်ပြီးစီးခြင်းအောင်ပွဲ အခမ်းအနားဖြစ်ပြီး နိုင်ငံတော်အတွက်လည်းကောင်း၊ ကျေးလက်ပြည်သူများအတွက်လည်းကောင်း၊ မင်္ဂလာအပေါင်းနှင့်ပြည့်စုံသော အခမ်းအနားဖြစ်ကြောင်း၊ ထိုကဲ့သို့ စာကြည့်တိုက်များ ဖွင့်လှစ်နိုင်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် တိုင်းမှူးနှင့်တာဝန်ရှိပုဂ္ဂိုလ်များ၊ ရှမ်းပြည်နယ်အတွင်းမှ စေတနာရှင်၊ အလှူရှင်များအားလည်း ကျေးလက်ပြည်သူများကိုယ်စား၊ ဝန်ကြီးဌာနကိုယ်စား အထူးကျေးဇူးတင်ရှိကြောင်း။

တန်ဖိုးမဖြတ်နိုင်

နိုင်ငံတော်အကြီးအကဲ က မြန်မာ့လူဘောင်ကို အစဉ်အမြဲသင်ယူလေ့လာနေသော လူ့ဘောင်ဖြစ်စေရန် လမ်းညွှန်မှာကြားခဲ့ကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်စီမံပေးမှုကြောင့် ယနေ့လူငယ်၊ လူရွယ်များသည် မိမိတို့နိုင်ငံအတွင်း၌ပင် နိုင်ငံတကာအဆင့်မီ ပညာရပ်များကို အလွယ်တကူ လက်လှမ်းတမီ သင်ယူနိုင်သည့် အခွင့်အလမ်းများ ပွင့်လင်းနေသော်လည်း မြန်မာနိုင်ငံ၏ ၇၀ ရာခိုင်နှုန်းသော ကျေးလက်နေ ပြည်သူများအတွက် အသိပညာမြင့်မားစေရန်၊ ဗဟုသုတ တိုးပွားရန် စာဖတ်သည့်အလေ့အထနှင့် စာအုပ်စာပေလက်လှမ်းမီမှု နည်းပါးနေသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် ၎င်းတို့၏ အသိပညာဗဟုသုတ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ရန် စီမံချက်များ ချမှတ်ဆောင်ရွက်ခဲ့ကြောင်း၊ ယနေ့ဆိုလျှင် ရှမ်းပြည်နယ်တစ်ခုလုံး ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွင့်လှစ်နိုင်ခဲ့သလို နိုင်ငံတော်အနေဖြင့် ကြည့်မည်ဆိုလျှင် နိုင်ငံတော်အတွင်း ကျေးရွာပေါင်းခြောက်သောင်းကျော်ရှိသည့်အနက် ယနေ့အခါ ကျေးရွာအားလုံးနီးပါးမှာ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် ကမ္ဘာတွင် ပထမဆုံးသော ကျေးရွာတိုင်း၌ စာကြည့်တိုက်များ ထူထောင်ဖွင့်လှစ်နိုင်သည့် နိုင်ငံတစ်နိုင်ငံအဖြစ် ဂုဏ်ယူဝင့်ကြွားနိုင်တော့မည် ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံအနေဖြင့် ယခုလိုအကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုအပေါ် ဂုဏ်ယူနိုင်သလို၊ မိမိတို့ပြည်သူတွေ အသိပညာ၊ ဗဟုသုတ မြင့်မားလာမှုအတွက်ကိုလည်း အနှစ်သာရရှိရှိ ဖော်ဆောင်ပေးနိုင်ခဲ့ပြီဖြစ်သည့်အတွက် တန်ဖိုးမဖြတ်နိုင်သည့် အောင်မြင်မှုဟု တင်ပြလိုကြောင်း။

ဆောင်ရွက်

ယခုကဲ့သို့ အောင်မြင်မှုရရှိခြင်းမှာ နိုင်ငံတော်၏အား၊ ဒေသခံပြည်သူများ၏အားနှင့် စေတနာရှင်တို့၏အားသုံးအားဖြင့် ဆောင်ရွက်ခဲ့ခြင်းကြောင့်ပင်ဖြစ်ကြောင်း၊ နိုင်ငံတော်တည်ဆောက်ရေးတွင်လည်း ၎င်းအားသုံးအားဖြင့် ဆောင်ရွက်သွားမည်ဆိုပါကအောင်မြင်မှုများမလွဲမသွေရရှိမည်ဖြစ်ကြောင်းကို တစ်ဆက်တည်း ပြောကြားလိုကြောင်း။

နိုင်ငံတော်အကြီးအကဲက ကျေးရွာစာကြည့်တိုက်များ တစ်ဖက်က ထူထောင်သလို ထူထောင်ပြီး စာကြည့်တိုက်များကို ရေရှည်တည်တံ့ ခိုင်မြဲအောင် စီမံချက်ချဆောင်ရွက်ရန် လမ်းညွှန်မှာကြားခဲ့ကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် လုပ်ငန်းစဉ်(၅)ရပ်ဖြင့် ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းလုပ်ငန်းစဉ်များမှာ ကျေးလက်နေ ပြည်သူများ စာဖတ်လိုစိတ်ရှိ၍ စာဖတ်ကြစေအောင် စည်းရုံးဆောင်ရွက်သွားရေး၊ ရရှိပြီး စာစောင်များကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းရေးနှင့်စာအုပ်စာစောင်အသစ်များ တိုးပွားရရှိလာအောင် ငွေပဒေသာပင် စိုက်ထူဆောင်ရွက်ရေး၊ စာကြည့်တိုက် အဆောက်အအုံမရှိသေးသည့် ကျေးရွာများ၌ အဆောက်အအုံဖြစ်လာစေရန် ဆောင်ရွက်ရေး၊ စာကြည့်တိုက်များတွင် ပရိဘောဂများ စုံလင်စွာရှိလာစေရန် ဆောင်ရွက်ရေးနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက စာကြည့်တိုက်ထိန်းသိမ်းရာတွင် ကျွမ်းကျင်သည့် စာကြည့်တိုက်မှူးများရရှိလာစေရန် လေ့ကျင့်ပျိုးထောင်သွားရေးတို့ပင်ဖြစ်ကြောင်း၊အချုပ်အားဖြင့်မိမိတို့၏ ကျေးရွာဘုန်းတော်ကြီးကျောင်းများကို မိမိတို့ကျေးရွာပြည်သူများမှ ကျောင်းဆောက်လုပ်လှူဒါန်းပြီး နေ့စဉ်ဆွမ်း၊ ကွမ်းလှူဒါန်းနေသကဲ့သို့ စာကြည့်တိုက်များကိုလည်း ကျေးရွာ၏ ဒုတိယဘုန်းတော်ကြီးကျောင်းကဲ့သို့ မှတ်ယူကာ ထိန်းသိမ်းစောင့်ရှောက်သွားရန်ဖြစ်ပါကြောင်း။

ယင်းလုပ်ငန်းစဉ်များကို ဒေသဆိုင်ရာအာဏာပိုင်များ၏အား ကျေးရွာအလိုက် စာကြည့်တိုက်ကော်မတီဝင်များနှင့် ဒေသခံပြည်သူများ၏အား၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် ကျန်လူမှုရေးအသင်းအဖွဲ့များ၏အား၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများ၏အားဟူသော အားလေးအားဖြင့် ဆက်လက်ဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွင့်လှစ်ပြီးစီးမှုအထိမ်းအမှတ် လှူဒါန်းပွဲကို ကျင်းပရာ တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးထံ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက စာအုပ်များကိုလည်းကောင်း၊ ရှမ်းပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းမှ လှူဒါန်းငွေကျပ်တစ်သိန်းကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းကလည်းကောင်း၊ ဌာနဆိုင်ရာများမှ လှူဒါန်းသော အလှူငွေကျပ် ၂၅၀၀၀၀ ကို တောင်ကြီးတက္ကသိုလ်မှ ဦးရေချမ်းကလည်းကောင်း၊ ရှမ်းပြည်နယ်ဌာနဆိုင်ရာများမှ လှူဒါန်းသော စာအုပ်များကို ပြည်နယ်လျှပ်စစ်မှ ဦးသန်းမြင့်ကလည်းကောင်း၊ရတနာထွန်းကုမ္ပဏီမှ ဦးဌေးကြွယ်က ငွေကျပ်သိန်း ၂၀ ကိုလည်းကောင်းအသီးသီးပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းထံ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ လှူဒါန်းငွေကျပ် ၃၀၀၀၀၀၀ ကို တိုင်းမှူး ဗိုလ်မှူးချုပ် သောင်းအေးကလည်း ကောင်း၊ရှမ်းပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက၊ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သင်းမျိုးမျိုးအောင်က ရုပ်မြင်သံကြားဖမ်းစက်တစ်လုံးကိုလည်းကောင်း၊ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးညွန့်ဝင်းနှင့် တောင်ကြီးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့မှ ရုပ်မြင်သံကြား ဖမ်းစက်တစ်လုံးစီကို လည်းကောင်း၊ တောင်ကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ စာကြည့်တိုက်ကိုးတိုက်ကို လည်းကောင်း၊ လွိုင်လင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ငွေကျပ် ၄၂၅၀၀၀ ကိုလည်းကောင်း အသီးသီး ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းထံ တောင်ကြီးမြို့နယ်၊ ဟိုပုန်းမြို့နယ်နှင့် ပင်လောင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့မှ ရုပ်မြင်သံကြားဖမ်းစက်တစ်လုံးစီကို လှူဒါန်းကြသည်။

လက်ခံ

ဆက်လက်၍ ခရိုင်အဆင့် ဌာနဆိုင်ရာများက လှူဒါန်းသော ရေဒီယိုကက်ဆက်များကို လည်းကောင်း၊ ခရိုင်အဆင့်ဌာနဆိုင်ရာများက လှူဒါန်းသော စာအုပ် စာစောင်များကို လည်းကောင်း၊ တောင်ကြီးမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့မှလှူဒါန်းသော စာအုပ်စာစောင်များကိုလည်းကောင်း၊ ဗီဒီယိုအခြေခံမှ လှူဒါန်းငွေကျပ် ၄၀၀၀၀ ကိုလည်းကောင်း၊ ကလောမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၁၀၀၀၀၀၊ ရပ်စောက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၂၅၀၀၀၀၊ ပင်းတယ မြို့နယ်နှင့် ညောင်ရွှေမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့က ငွေကျပ် ၃၀၀၀၀ စီကိုလည်းကောင်း ပေးအပ် လှူဒါန်းရာ ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်နှင့် ရှမ်းပြည်နယ်ကျေးရွာ စာကြည့်တိုက်များကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ကြီးတို့က လက်ခံကြသည်။

လှူဒါန်း

ဆက်လက်၍ ဟိုပုန်းမြို့နယ်နှင့် ညောင်ရွှေမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့မှ စာကြည့်တိုက် သုံးတိုက်စီကိုလည်းကောင်း၊ ရပ်စောက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ စာကြည့်တိုက် ခုနစ်တိုက်ကိုလည်းကောင်း၊ နည်းပညာတက္ကသိုလ် (တောင်ကြီး)နှင့် ဣန္ဒိတံကုမ္ပဏီတို့မှ ရုပ်မြင်သံကြားဖမ်းစက်တစ်လုံးစီကို လည်းကောင်း၊ ရွှေပုစွန်ကုမ္ပဏီက ငွေကျပ် ၅၀၀၀၀ နှင့် ကမ္ဘာ့ဖလား ဖယောင်းတိုင်လုပ်ငန်းမှ ဗီစီဒီစက်တစ်လုံးကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။

မှတ်တမ်းဓာတ်ပုံ

လှူဒါန်းပွဲအပြီးတွင် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ရှမ်းပြည်နယ်တောင်ပိုင်း၊ စာကြည့်တိုက်များဖွင့်လှစ်ခဲ့ခြင်း ဓာတ်ပုံမှတ်တမ်းပြခန်း၊ ရွှေနေကြာ နံရံကပ်စာစောင်နှင့် တောင်ကြီး ရှုခင်းသာပန်းခြံတွင် တိရစ္ဆာန်ဥယျာဉ်ဖွင့်ပွဲ မှတ်တမ်းဓာတ်ပုံများကိုကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ လှူဒါန်းပွဲတွင် လှူဒါန်းမှုများမှာ တန်ဖိုးငွေကျပ် ၄၁၇၆၃၀၀ တန်ဖိုးရှိ ရုပ်မြင်သံကြားပြစက်၃၅ လုံး၊ တန်ဖိုးငွေကျပ် ၆၄၈၈၀၀ တန်ဖိုးရှိ ရေဒီယို ၈၂ လုံး၊ ငွေကျပ် ၁၄၂၁၃၅၀ တန်ဖိုးရှိ စာအုပ်စာစောင် ၅၄၂၀ အုပ်၊ ငွေကျပ် ၉၉၃၇၀၀၀၀ တန်ဖိုးရှိ အဆောက်အအုံ ၈၄ လုံး၊ ငွေကျပ် ၇၃၇၀၀၀ တန်ဖိုးရှိ ဗီစီဒီစက် ၁၈ လုံးနှင့် မီးထိန်းစက် ၁၈ လုံး အပါအဝင် ပစ္စည်း၊ စာအုပ်၊ အဆောက်အအုံတန်ဖိုးငွေ စုစုပေါင်းကျပ် ၁၀၆၃၅၁၆၅၀နှင့် ငွေသား ကျပ် ၆၁၂၂၀၀ဖြစ်ရာ ယနေ့လှူဒါန်းသော ပစ္စည်းနှင့် ငွေကြေးတန်ဖိုးစုစုပေါင်းမှာ ငွေကျပ် ၁၁၂၄၇၃၈၅၀ (ကျပ်သိန်းတစ်ထောင်တစ်ရာနှစ်ဆယ့်လေးသိန်းခုနစ်သောင်း သုံးထောင်ရှစ်ရာငါးဆယ်)ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းထံ ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နာယက ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သင်းမျိုးမျိုးအောင် ရုပ်မြင်သံကြားဖမ်းစက် တစ်လုံး ပေးအပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

ငွေဆောင်ကမ်းခြေ(သို့မဟုတ်)ထွန်းတောက်လာမည့် ကြယ်တစ်ပွင့်

ကမ်းခြေ Resort ဟိုတယ်အသစ်တစ်လုံးကို ငွေဆောင်ကမ်းခြေတွင် ၁၅-၃-၂၀၀၇ နေ့က ဖွင့်လှစ်လိုက်သည်။ ဘင်္ဂလားပင်လယ်အော်ကမ်းခြေတွင် တည်ရှိသဖြင့် ဟိုတယ်အမည်ကို Bay of Bengal Resort ဟု အမည်ပေးထားသည်။ တည်ဆောက်ချိန် နှစ်နှစ်ကာလအချိန်ယူပြီး အခံ့ညားဆုံးနှင့် ပုံစံအဆန်းသစ်ဆုံးဖြစ်အောင် ဆောက်လုပ်ထားပါကြောင်းလည်း ဟိုတယ်အုပ်ချုပ်ရေးအဖွဲ့က ပြောပြသည်။

ယခုအခါတွင် ငွေဆောင်ကမ်းခြေသည် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးအတွက် အတော်အတန် အဆင်သင့်ဖြစ်နေပြီဟု ယူဆနိုင်ဖွယ်ရာရှိသည်။ ယင်းသို့ဆိုလိုရခြင်းမှာလည်း လုံးဝဥဿုံအဆင်သင့်ဖြစ်နေပြီဟု ဆိုရန် ခက်ခဲသောကြောင့် ဖြစ်သည်။ စုစုပေါင်း အလျား ကိုးမိုင်ရှည်လျားသော ငွေဆောင်ကမ်းခြေသည် ရေပြာခြင်း၊ သဲဖြူခြင်း၊ ကမ်းခြေ ပြန့်ပြူးခြင်းကြောင့်လည်း ဟိုတယ်လုပ်ငန်းရှင်များက သူတို့၏ ငွေဆောင်ကို အလွန်ဂုဏ်ယူကြသည်။ အနာဂတ်တွင် မြန်မာနိုင်ငံ၏ Tourism destination များထဲ၌ ထွန်းတောက်လာမည့် ကမ်းခြေ ကြယ်ပွင့်တစ်ပွင့်ဖြစ်လိုသော ဆန္ဒများလည်း ပြင်းပြနေကြသည်။ ငွေဆောင်ကမ်းခြေ၏ သဘာဝအလှတရား ဖွဲ့စည်းမှုက လာရောက်အပန်းဖြေသူ ဧည့်သည်များကို တန်ဖိုးမဖြတ်နိုင်သော ပိုင်ဆိုင်မှုတစ်ရပ် ပေးအပ်ထားသကဲ့သို့ ဖြစ်သည်။ ငွေဆောင်ကမ်းခြေသို့ လာရောက် အပန်းဖြေကြသော နိုင်ငံတကာကမ်းခြေချစ်သူ Tourists များသည် အနည်းဆုံး သုံးညအိပ်၊ လေးရက်မှ ခြောက်ညအိပ်၊ ခုနစ်ရက်အထိလည်းကောင်း၊ အချို့ဆိုလျှင် နှစ်ပတ်လောက်အထိလည်းကောင်း ဆက်တိုက်အပန်းဖြေ နေထိုင်ရန် ဆန္ဒရှိလေသည်။

ဥပမာ-ဂျာမနီလူမျိုး Touristsများသည် မြန်မာနိုင်ငံ Tourism ခရီးစဉ်ဒေသများကို လာရောက်လည်ပတ်ခွင့် ရယူကြရာ၌ အစစအရာရာ အဆင်ပြေ၍ ခင်မင်ဖွယ်ကောင်းသော လူမျိုးနှင့် လွမ်းမောဖွယ်ကောင်းသော ခရီးစဉ်ဟု ယုံကြည်ကြသည်။

အပန်းဖြေ ဟိုတယ်

ငွေဆောင်ကမ်းခြေ၏ သဘာဝအလှတရားနှင့် ခေတ်မီ ဆန်းသစ်သော ရေကူးကန်တို့ဖြင့် ပန်ံရလှသော အပန်းဖြေဟိုတယ်။

လွန်ခဲ့သော ၁၀နှစ်ခန့်က မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သော ဂျာမန် Touristတစ်နှစ်လျှင် ၆၀၀၀ ခန့်သာရှိခဲ့ရာမှ ပြီးခဲ့သောနှစ်တွင် ၁၈၀၀၀ ကျော်အထိ တိုးတက်လာရောက်လည်ပတ်ခဲ့သော အမေရိကနှင့် အနောက်ဥရောပမှလာသော လူမျိုးအလိုက် Tourist များထဲတွင် အများဆုံးအရေအတွက် ဖြစ်လေသည်။ ဂျာမန် Tourist တို့သည် အေးချမ်းမှုနှင့် စည်းကမ်းရှိမှုကို သဘောကျသည်ဟု ဆိုသည်။ ဈေးနှုန်းကြီးမြင့်မှု (ခေါ်) High end market အတွက် သုံးနိုင်သူများဖြစ်ပြီး မရောင်ရာဆီလူး အသေးအဖွဲကိစ္စလေးများအတွက် ဇီဇာမကြောင်တတ်ကြဟု သိရဖူးသည်။ သူတို့သည် အေးချမ်းဆိတ်ငြိမ်သော မြန်မာနိုင်ငံ၏ ပေလီကမ်းခြေဒေသများသို့ တိုက်ရိုက်လည်ပတ်ပြီး ရက်ရှည်နေ၍ အိမ်သို့တိုက်ရိုက်ပြန်ကြရန်သာ ရည်ရွယ်သူများဖြစ်သည်ဟု သိရသည်။ သူတို့သည် ငပလီကမ်းခြေကို ကောင်းစွာသိရှိကြသော်လည်း ငွေဆောင်ကမ်းခြေကိုမူ သိပ်မသိကြသေးပေ။

ငွေဆောင်ကမ်းခြေရှိ ဟိုတယ်အပန်းဖြေ Resort အသစ် ဖြစ်သော Bay of Bengal Resort သည် အခန်းပေါင်း ၆၂ခန်းဖြင့် စတင်ဖွင့်လှစ်ထားသည်။ ဟိုတယ်ရှိအခန်း အမျိုးအစားများထဲတွင် Bay of Bengal Suite သည် အဆောင်အယောင်နှင့် ဈေးအမြင့်ဆုံး အခန်းဖြစ်သည်။ အဆောက်အအုံ၏ ဗိသုကာဟန်များက အရှေ့တိုင်း မဆန်ပေ။ အမေရိကန် ဗိသုကာဟန်များ အခြေခံထားသည်ဟု ယူဆရသည်။ သစ်သားတိုင်များထက် RC ကျောက်တိုင်များ၊ အုတ်နံရံ၊ သစ်သားအကာ နံရံများဖြင့် တည်ဆောက်ထားပြီး ခေါင်အချိုးများကို ပုံမှန် နှစ်ဖက်ချ၊ တစ်ဖက်ချဟန်များမှ ကင်းကွာခဲ့ထွက်ကာ အစောင်း၊ အမတ် ဟန်များဖြင့် ဖွဲ့စည်းထားသည်။ (ဗိသုကာသမားမဟုတ်၍ မည်သို့ခေါ်သည်ကို မသိပါ။) မှန်ချပ်ကြီးများဖြင့်လည်း မြင်ကွင်းကျယ် မြင်တွေ့ခံစားနိုင်ရန် ဖန်တီးပေးထားသောကြောင့် ပင်လယ်မြင်ကွင်းကို ကောင်းစွာကြည့်ရှုခံစားနိုင်သည်။ ရန်ကုန်နှင့် မြန်မာနိုင်ငံအနှံ့ ယနေ့ခေတ်စားနေသော အကွေးအဝိုင်းဟန်များကို မတွေ့ရသလောက်ပင်ဖြစ်နေပြီး မျဉ်းဖြောင့်အနားသတ်များဖြင့် ပုံစံဖော်ထားသည်။ ရေကူးကန်ပင်လျှင် ဆန်းသစ်သော စတုဂံတစ်ခုဟု ယူဆနိုင်သည်။ Deluxe room, Superior room များပါရှိပြီး ဟိုတယ်၏ အနိမ့်ဆုံးအဆင့်သည် Superior room ပင် ဖြစ်သည်။ အခန်းတွင်ထားရှိသော ခုတင်၊ ဗီရို၊ ဆက်တီ၊ ရေချိုးခန်း၊ မျက်နှာသစ် basin၊ စားပွဲ၊ မီနီဘားအားလုံး၏ အရည်အသွေးနှင့် ပုံစံများက သမားရိုးကျ Idea များထက် မြင့်ထားသည်ဟု ဆိုချင်ပါသည်။ တည်းခိုသူဧည့်သည်တို့အတွက် အံ့အားသင့်စေပြီး သက်သာစွာအပန်းပြေမှု၊ စိတ်ကျေနပ်မှုရရှိမှာ အမှန်ပင်ဖြစ်သည်။

ဧည့်ကြိုခန်းမကြီး၊ ဧည့်ကြိုခန်းမမှ စားသောက်ခန်းသို့သွားသော စင်္ကြံလမ်း၊ စင်္ကြံလမ်းတစ်လျှောက်၏ တစ်ဖက်တွင် အပွင့်ထားပြီး အခြားတစ်ဖက်၌ ရေတံခွန်ကျ အုတ်နံရံလေးများ၊ အမိုးမြင့်စားသောက်ခန်းမနှင့် အမိုးမဲ့ဟင်းလင်းပြင် Deck စသည်တို့သည်လည်း Resort၏ ဆွဲဆောင်မှုတစ်ရပ်ကို ပေါင်းစပ်အားဖြည့်ပေးထားသည်ဟု ခံစားမိသည်။

ချစ်ဆွေမြင့်

Bay of Bengal Resort ၏ တည်ဆောက်ထားမှုသည် ဈေးနှုန်းအမြင့်ဧည့်သည်များကို ရည်ရွယ်ထားပြီး အဆောက်အအုံ ဝန်ဆောင်မှုတို့နှင့် လျော်ညီသော ဈေးနှုန်းအမြင့်ကို သတ်မှတ်မည်ဟု အုပ်ချုပ်ရေးဘုတ် (Management) က ပြောသည်။ ဖွင့်ပွဲနေ့ကလည်း ခမ်းခမ်းနားနား လုပ်သည်။ နောက်ထပ်လည်း ခရီးသွား Agents များနှင့် မီဒီယာများကို ဖိတ်ကြားရှင်းလင်း ပြသဦးမည်ဟု သိရသည်။

ငွေဆောင်ကမ်းခြေသည် မြန်မာအသံထွက်ဖြင့် ဖတ်ရလွယ်သော်လည်း နိုင်ငံခြားသားတို့အတွက်မူ NGWE- ငွေဆိုသော အသံထွက်သည် များစွာခက်သည်။ ငပလီကမ်းခြေသည် သူတို့အတွက် ဖတ်ရမှတ်ရလွယ်ပြီး ရှာဖွေရလွယ်ကာ လူသိများသော ကျော်ကြားသော ကမ်းခြေတစ်ခု ဖြစ်သည်။ ယင်းသို့ဖြစ်ရခြင်းအတွက် မြန်မာနိုင်ငံ ခရီးစဉ်(ယခင်က Burma ဟု အသိများကြသော်လည်း ယခုအခါ Myanmar ဟု သိလာကြပြီဖြစ်သည်။)တွင် ကမ်းခြေဆိုပါက ငပလီသို့ သွားမည်ဟု ရည်ရွယ်ကမ်းလှမ်းကြမြဲဖြစ်သည်။ ငပလီကမ်းခြေတွင် အပန်းဖြေမည်ဟု ပထမကမ်းလှမ်းပြီးမှ မည်သည့်ဟိုတယ်တွင် တည်းမည်မှာ ဒုတိယအဆင့်သာ ဖြစ်သည်။ ငပလီရှိ Sandoway Resort, Bayview Beach Resort, Amazing Ngapali စသည်တို့တွင် တည်းခိုမည်ဆိုခြင်းမှာ ခရီးသွားအေးဂျင့် Travel agents က ဈေးကွက်ရှာရောင်းချပေးသော အခြေအနေပေါ်တွင်သာ မူတည်သည်။ သို့သော် ဟိုတယ် Resort၏ ထင်ရှားမှုအရ ဧည့်ဝတ်ကျေပွန်မှုအရ ၊ လှပမှုအရ၊ ဆွဲဆောင်မှုအရ Sandoway Resort တွင် တည်းပါမည်ဆိုသည်မှာ နောင်ကျမှ တောင်းဆိုချက်ဖြစ်လာသည်။ ဧည့်သည်များ ရောက်ရှိလာအောင် Destination ကို မူလမြှင့်တင်ရမည်။ ယင်းသို့မြှင့်တင်ရာတွင် ခရီးသွားအေးဂျင့်တို့၏ ဈေးကွက်ရှာဖွေမှုကို အားဖြည့်ရမည်။ ရောက်ရှိလာသော ဧည့်သည်စွဲလမ်းသွားစေရန်မှာ ဟိုတယ် resort ၏ စွမ်းဆောင်ရည်ဖြင့် အခြေခံရမည်ဟု အကြံပြုလိုပါသည်။ မြန်မာနိုင်ငံ ခရီးသွားဈေးကွက် အရောင်းဖွင့်ရာ၌ ယင်းသဘောတရားကို ကျော်ဖြတ်၍ မရသေးဟု ဆိုလိုသည်။

ငွေဆောင်ကမ်းခြေကို ကမ္ဘာ့ Tourism ဈေးကွက်တွင် အမည်မပေါက်သေးဘဲ ငွေဆောင်က ... Resort ဟု အရောင်းဖွင့်ပေးရန်မှာ အဆင့်တစ်ဆင့် ဖြတ်ကျော်ထားသလိုဟု ထင်မြင်မိသည်။ ပြည်တွင်းကမ်းခြေများထဲမှ ငွေဆောင်ကမ်းခြေကို အထူးအစီအစဉ်အဖြစ် မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်များက ပံ့ပိုးဆောင်ရွက်ပေးလျက် ရှိသည်။ ၎င်းအပြင် နိုင်ငံတကာ ခရီးသွားဈေးကွက်၊ ဈေးပွဲတော်များတွင် ငွေဆောင်ကမ်းခြေအဖြစ် အမည်ရနိုင်ရန်မှု ကမ်းခြေဟိုတယ်ပိုင်ရှင်များ၊ မြန်မာနိုင်ငံခရီးသွား ဈေးကွက်ရှာဖွေရေးကော်မတီ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များ(ခရီးသွားအေးဂျင့်များ)တို့က ညီညီညွတ်ညွတ်စုပေါင်းအားယူ၍ ဆောင်ရွက်သွားကြရန် လိုအပ်လာပြီဟု ဆိုချင်သည်။ ဘဏ္ဍာရေးအားဖြည့်မှုများအတွက်လည်း တစ်ဦးကိုတစ်ဦး နားလည်မှုရှိစွာ ပူးပေါင်းကြရန်လည်း လိုအပ်သည်။ ယခုနှစ်အတွက် ဂျာမနီနိုင်ငံတွင် ကျင်းပပြီးစီးသွားသော ITB (International Tourism Burse) ဟု အများသိကြသည့် ခရီးသွားလုပ်ငန်းပြပွဲကြီးတွင် မြန်မာခရီးသွားအေးဂျင့်တို့ သွားရောက်ဆက်သွယ် ဈေးကွက်ရှာခဲ့ပြီး ဖြစ်သည်။ ၎င်းတို့သည် ငွေဆောင်ရှိ ဟိုတယ်တစ်လုံးလုံးထက် မြန်မာနိုင်ငံ၏ ကမ်းခြေများကိုသာ မိတ်ဆက်ကြမည် ဖြစ်သည်။ ၎င်းထဲတွင် နာမည်ရပြီး ရှင်းပြရလွယ်သော ငပလီကမ်းခြေသည် ထင်ပေါ်မည်သာ ဖြစ်လေသည်။ ယင်းအားနည်းချက်ကို ကျော်လွှားရဦးမည် ဖြစ်ကြောင်း၊ သဘောတရားကို ရန်ကုန်အခြေစိုက် နိုင်ငံတကာခရီးသွား အေးဂျင့်ဒေသ မန်နေဂျာကြီးတစ်ဦးက ထုတ်ဖော်တိုက်တွန်းထားခြင်း ဖြစ်သည်။ ငွေဆောင်သည် မြန်မာပြည်တွင်ရှိသည်။ မြန်မာနိုင်ငံ၏ ကျော်ကြားသော ကမ်းခြေများထဲတွင် ငွေဆောင်ဆိုတာ ရှိသည်ဆိုသော စကားစုလေးအတွက် အားလုံးကြိုးပမ်းကြရမည်ဟု အဖြေဖော်ထုတ် ရရှိနိုင်သည်။

ယင်းလိုအပ်ချက်အတွက် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနသည် ခရီးသွားလုပ်ငန်းမှ ဝန်ကြီးဌာနအတွက် တိုက်ရိုက်ဝင်ငွေမရရှိစေကာမူ ခရီးသွားလုပ်ငန်းစဉ် ပီပြင်အောင်မြင်အောင်ကိုမူ ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် အစဉ်ညှိနှိုင်းဆောင်ရွက်ပေးလျက် ရှိသည်။ အထက်ပါ လိုအပ်ချက်ကို အထောက်အကူပြုနိုင်ရန်အတွက် ခရီးသွားအေးဂျင့်များ၊ ငွေဆောင်ကမ်းခြေဟိုတယ် လုပ်ငန်းရှင်များ၊ ပြည်တွင်းသတင်းမီဒီယာများ (၎င်းမှလည်း ပြည်ပသို့ Messages ရောက်နိုင်သည်။) ပါဝင်သော Forum ဖြစ်စေ၊ Seminar ဖြစ်စေ တစ်ခုခုကို ငွေဆောင်တွင် ကျင်းပရန် ဦးဆောင်နေပြီ ဖြစ်သည်။ forum မှတစ်ဆင့် တစ်ဦးနှင့်တစ်ဦး ပူးပေါင်းဆောင်ရွက်ကြရန်၊ နားလည်မှု ယူကြရန်၊ ဈေးကွက်ဖန်တီးမှု ဖလှယ်ကြရန်၊ ငွေဆောင်၏ ခရီးသွား products များ ဖွင့်လှစ်မိတ်ဆက်ရန် စီးပွားရေးစီမံခန့်ခွဲမှု ခရီးသွားကဏ္ဍဆိုင်ရာ အခြေခံသဘောတရားများ တည်ဆောက်လိုက်နာကြရန် စသည်တို့ကို ရရှိစေရန် ရည်ရွယ်သွားမည်ဖြစ်ကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ဟိုတယ် Resort တစ်ခု၏ အဆင့်မြင့်ကောင်းမွန်မှုကို ဧည့်သည်က လက်ခံအသိအမှတ်ပြုသော်လည်း နောက်တစ်ဦးဆီသို့ ရောက်ရန်မှာ Intermediaries (ခေါ်) ကြားခံ ဆောင်ရွက်ပေးမည့် ပုဂ္ဂိုလ်၊ ကိုယ်စားလှယ်၊ စနစ်ယန္တရားတစ်ခုခု မလွဲမသွေ လိုအပ်သည်။ ယင်းလိုအပ်ချက်ကို ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနက ထိစပ်သွားအောင် စီစဉ်ပေးချင်လေသည်။ နိုင်ငံတကာခရီးသွားလောကသို့ သတင်းရောက်ရှိရေးအတွက် လက်တွဲကြိုးပမ်းရမည် ဖြစ်သည်။ အမှန်သတင်းဖြစ်သော မကြာသေးမီက ဖွင့်ပြီးသော Bay of Bengal Resort သည် နိုင်ငံတကာ အဆင့်မီဆိုသည်ကို စာဖွဲ့ပြောနေရန်ပင် မလိုပါပေ။ အလိုလို ထင်ရှားလာမည်ဖြစ်သည်။ ပြောရမည်ဆိုပါက အရှေ့တောင်အာရှ ဒေသအတွင်းရှိ ကမ်းခြေအချို့မှ အချို့သော Beach Resort များသည် သူ့လောက်ပင် မကောင်းဘဲ သူ့ထက်ကောင်းဟန် ဆောင်နေကြသည်။ အလားတူပင် အခြားသော ငွေဆောင်ရှိ Beach Resort များလည်း အဆင့်မြင့်ကောင်းမွန်ကြသည်။ ရိုးရိုးပဲ စဉ်းစားပြီး တင်ပြရလျှင် ယခုဆောင်းပါးသည် နိုင်ငံတွင်းထုတ် သတင်းစာနှင့် အထင်ကရ Journal များတွင် ဖော်ပြခံရသည် ဆိုပါစို့ ... ယင်းကြောင့်ပင်လျှင် ငွေဆောင်ကမ်းခြေကို သိပ်မသိသေးသူများက လှပ၍ လည်ပတ်စရာ ကောင်းသော ငွေဆောင်ကမ်းခြေဆိုသည်ရှိကြောင်း သိကြမည်ဖြစ်ပြီးလျှင် ငွေဆောင်ကမ်းခြေကို သိသူများကလည်း Bay of Bengal Resort သည် နိုင်ငံတကာအဆင့်မီ ဟိုတယ်တစ်ခုအဖြစ် စိတ်ဝင်စားစွာ စူးစမ်းကြမည်သာ ဖြစ်ပေသည်။ သို့သော် လက်ချောင်းတစ်ချောင်းသည် မည်မျှအားကြီးစေကာမူ ထမင်းကော်စား၍မရကြောင်း သဘောယူ၍ လုပ်ငန်းရှင် အားလုံးအနေဖြင့် ငွေဆောင်ကမ်းခြေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွဲဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း တိုက်တွန်းအကြံပြု ရေးသားလိုက်ရပါသည်။ ။

တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် နွေစပါးတိုက်ရိုက်အစေ့ချစိုက်ပျိုးမှုကြည့်ရှု
ငါးမွေးမြူရေးလုပ်ငန်းနှင့် ရေဆင်းရေလှောင်တမံစစ်ဆေး

နေပြည်တော် ဧပြီ ၃

နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်သည် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဇော်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဧပြီ ၁ ရက်နံနက် ၇ နာရီခွဲက ပျဉ်းမနားခရိုင် နွေစပါးတိုက်ရိုက်အစေ့ချစိုက်ပျိုးမှု၊ ရေဆင်းငါးလုပ်ငန်းဦးစီးဌာန၏ ငါးမွေးမြူရေးနှင့် ရေဆင်းရေလှောင်တမံတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

စိုက်ပျိုး

ရှေးဦးစွာ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် သစ်တပ်ကျေးရွာရှိ တောင်သူ ဦးမောင်ကို၏ နွေစပါးစိုက်ခင်း၌ တိုက်ရိုက်အစေ့ချကိရိယာဖြင့် စိုက်ပျိုးသည့် လေးဧက စိုက်ကွက်သို့ ရောက်ရှိပြီး ခရိုင်စိုက်ပျိုးရေးမန်နေဂျာ ဦးမှတ်ကြီး၏ ရှင်းလင်းတင်ပြချက်များအပေါ် တိုင်းမှူးက လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ရှင်းလင်းတင်ပြ

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ ရေဆင်းငါးလုပ်ငန်း ဦးစီးဌာနသို့ရောက်ရှိရာလက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်ချစ်က ရေဆင်းငါးလုပ်ငန်း ဦးစီးဌာန ဖွင့်လှစ်ခဲ့မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

လိုက်လံကြည့်ရှုစစ်ဆေး

ဆက်လက်၍ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ငွေရောင်ငါးကြင်း၊ ငါးမြစ်ချင်း၊ ငါးတန်၊ မြက်စားငါးကြင်း၊ ငါးကြင်းဖြူ၊ ငါးသိုင်းခေါင်းပွ၊ ငါးခုံးမကြီး၊ ရွှေဝါငါးကြင်းစသည့် ငါးအမျိုးအစားအလိုက် ငါးသားပေါက်များ မွေးမြူထားရှိမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး **(အပေါ်ပုံ)** လိုအပ်သည်များ မှာကြားသည်။

ရေလှောင်တမံ

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ရေဆင်းရေလှောင်တမံသို့ ရောက်ရှိရာ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်အောင်က ရေဆင်းရေလှောင်တမံနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

မှာကြား

ဆက်လက်၍ တိုင်းမှူးက လာမည့်နှစ်တွင် ဆည်မှုစိုက်ပျိုးရေလွှတ်နိုင်မှုကို ကွန်ကရစ်လမ်းဘေးအထိ လွှတ်နိုင်ရန် လိုကြောင်း၊ နေပြည်တော် လေဆိပ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် ဆည်မြောင်းဦးစီးဌာန ပျဉ်းမနားခရိုင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ ပို့ဆောင်ရေးဦးစီးဌာနနှင့် ဒေသခံတောင်သူ လယ်သမားများ လုပ်ငန်းညှိနှိုင်းမှုများ၊ ကြိုတင်အစီအမံများ ပြုလုပ်သွားရန် လိုကြောင်းဖြင့် မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကူပွန်မဲဖွင့်ပွဲ၊ ဆပ်ပြာနှင့် လျှပ်စစ်ပစ္စည်းများ Excel Shopping Mall ၌ အရောင်းမြှင့်တင်

ရန်ကုန် ဧပြီ ၃

Excel Shopping Mall ၏ ကျပ်သိန်း ၁၅၀ ကျော်ကူပွန်မဲဖွင့်ပွဲ Royal Gold Soap, Imperial Leather Soap နှင့် Electronic Sales Promotion ပွဲတော်ကို ဧပြီ ၁ရက် ညနေ ၃ နာရီမှ ၇နာရီအထိ ရန်ကုန်မြို့ Excel Shopping Mall ဒုတိယထပ်၌ ကျင်းပသည်။**(အောက်ပုံ)**

အဆိုပါပွဲတွင် မော်ဒယ်တင်မိုးလွင်နှင့် Talents & Model အဖွဲ့၊ သရုပ်ဆောင်ပပဝင်းခင်နှင့် အနုပညာရှင်များက ကူပွန်မဲဖွင့်လှစ်ပေးခြင်း၊ ဟာသသရုပ်ဆောင်များက ဖျော်ဖြေတင်ဆက်ခြင်း၊ မော်ဒယ် သရုပ်ဆောင်များ၏ သရုပ်ပြသမှုများ၊ ဧည့်ပရိသတ်များအား Lucky draw နှင့် မေတ္တာလက်ဆောင်ပေးခြင်းများ ပါဝင်သည်။

ရှင်းလင်းပြသ

Royal Gold ဆပ်ပြာသည် အသားအရေခြောက်သွေ့ အက်ကွဲခြင်းကို ကာကွယ်ပြီး အရေပြားကို ဖြူဖွေးလုပချောမွတ်သန့်စင်စေကာ ရနံ့သင်းပျံ့သည့် အရောင်ခြောက်မျိုးဖြင့် ထုတ်လုပ်ပြီး ခရမ်းရောင်မှာ အသားအရေကိုချောမွတ်စေကာ သင်းပျံ့လန်းဆန်းစေခြင်း၊ အနီရောင်မှာ အသားအရေအားလုံးအတွက် သင့်တော်သော သဘာဝသန့်စင် ပစ္စည်းများနှင့် ထုတ်လုပ်ထားခြင်း၊ အပြာရောင်မှာ အသားအရေကို ဖြူဖွေးစေသည့် သဘာဝအော်ဂဲနစ်ပစ္စည်းများနှင့်ထုတ် လုပ်ထားခြင်း၊ အစိမ်းရောင်နှင့် ပန်းရောင်တို့မှာ အသားအရေပျက်စီးခြင်းမှ ကာကွယ်စေပြီး အသားအရေကို စိုပြည်စေသည့် သဘာဝအော်ဂဲနစ်ပစ္စည်းများဖြင့် ထုတ်လုပ်ထားခြင်း၊ အနက်ရောင်မှာ Vitamin-E ပါဝင်၍ အသားအရေ အားလုံးအတွက် သင့်တော်ခြင်းများ ရရှိခံစားရမည်ဖြစ်ကြောင်း ရှင်းလင်း ပြသကြသည်။

ဈေးနှုန်းချိုသာ

Electronic Sales Promotion အနေဖြင့် လျှပ်စစ်ပစ္စည်းဆိုင်ရာ Brand မျိုးစုံကို တစ်နေရာတည်းတွင် ဈေးနှုန်းချိုသာစွာ ဝယ်ယူရရှိနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၄-၄-၂၀၀၇ (ဗုဒ္ဓဟူးနေ့)

၇:၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅	အဆိပ်သင့်လူတစ်ယောက်အကြောင်း တရားတော် (အပိုင်း-၂) [အရှင်ခေမိန္ဒ(စစ်ကိုင်း)]
၈:၀၀	အနာဂတ်ကြယ်ပွင့်လေးများ၏ စွမ်းရည်များ
၈:၂၀	ခါသကြိန် အဆိုအက
၈:၂၅	နိုင်ငံတကာ အနုပညာရေးရာ
၈:၅၅	ခါသကြိန် အဆိုအက
၉:၀၀	ကျွန်းမျောပေါ်က ခရမ်းချဉ်သီး
၉:၂၀	ပြည်တွင်းသတင်းအကျဉ်း
၉:၃၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၉:၅၅	စက်မောင်းဆီအစားထိုးနိုင်ဖို့ ပရိဂျူဆာဂက်စ်စက်သုံးကြစို့
၁၀:၁၅	ခါသကြိန် အဆိုအက
၁၀:၂၀	Midweek Sports News
၁၀:၃၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၄၀	ပင်လယ်ရေထွက် လုပ်ငန်းဖြင့် ဖွံ့ဖြိုးတိုးတက်နေသော ရခိုင်ပြည်နယ်
၁၀:၅၀	ခါသကြိန် အဆိုအက
၁၀:၅၅	မိုးလေဝသခန့်မှန်းချက်
၁၁:၀၀	MRTV-4 စာအုပ်စင်ကဏ္ဍ (စာရေးဆရာမ ခင်စောတင့်နှင့် တွေ့ဆုံခြင်း)
၁၁:၂၀	ခါသကြိန် အဆိုအက
၁၁:၂၅	ရော်ဘာအစေးလှီးရာတွင် အရေးကြီးသည့်အချက်များ
၁၁:၃၅	ပြည်တွင်းသတင်းအကျဉ်း
၁၁:၄၅	Music Talk (ခိုင်မြသာနှင့် တွေ့ဆုံခြင်း)
၁၂:၂၅	ခါသကြိန် အဆိုအက
၁၂:၃၀	နိုင်ငံတကာသတင်းအကျဉ်း
၁၂:၃၅	မြန်မာ့ကျောက်မျက်ရတနာ ပြတိုက်နှင့် ရတနာဈေး
၁:၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Champion League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁:၀၀	Roma-Man Utd	5-Sports(Live)
	Chelsea-Valencia	5-Series (Live)

အခြေခံပညာ အထက်တန်းဆင့် ဘာသာပြဆရာများ မွမ်းမံသင်တန်းဖွင့်

၂၀၀၆-၂၀၀၇ပညာသင်နှစ် ရှမ်းပြည်နယ် (တောင်ပိုင်း)အခြေခံပညာအထက်တန်းအဆင့် ဓာတုဗေဒ၊ ဇီဝဗေဒ ဘာသာပြဆရာ၊ ဆရာမများ မွမ်းမံသင်တန်းဖွင့်ပွဲ အခမ်းအနားကို တောင်ကြီးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ မတ် ၃၀ ရက် နံနက် ၈နာရီက ကျင်းပသည်။ အလားတူ သင်တန်းဖွင့်ပွဲအခမ်းအနားကို ပင်လုံတက္ကသိုလ်၌လည်း တစ်ပြိုင်တည်းကျင်းပခဲ့ကြောင်းနှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)ရှိ အခြေခံပညာ အထက်တန်းအဆင့် ဓာတုဗေဒ၊ ဇီဝဗေဒမှ ဘာသာရပ်သင် ဆရာ၊ ဆရာမများ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ရှစ်ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့အလင်း ပြည်တွင်းသတင်း အတိုအထွာ

စာကြည့်တိုက် အလုပ်ရုံဆွေးနွေး

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် သီရိဟေမာအနောက်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ ပူးပေါင်းပြီး စာကြည့်တိုက်အလုပ်ရုံ ဆွေးနွေးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၂ရက်က ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပရာ မြို့နယ် ဦးစီးမှူးက စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် စာကြည့်တိုက်မှတ်ပုံတင်နိုင်ရေး ဆောင်ရွက်ရန်ကိစ္စများ ညှိနှိုင်းဆွေးနွေးသည်။ ထို့နောက် သီရိဟေမာအနောက်ရပ်ကွက်ရှိ ပညာ့အလင်းရောင် စာကြည့်တိုက်သို့ ဦးကျွဲဘို မိသားစုက ရေဒီယို သုံးလုံး၊ ဦးစိုးမင်းအေး မိသားစုက စာအုပ်မျိုးစုံ ၅၅အုပ်၊ ဦးကျော်ဦး မိသားစုနှင့် ဦးတင်စိုးဝင်း မိသားစုတို့က စာကြည့်တိုက် ဗီရိုတစ်လုံးတို့ကို ပေးအပ်လှူဒါန်းရာ ရပ်ကွက်ဥက္ကဋ္ဌ ဦးအုန်းခိုင်က လက်ခံရယူခဲ့သည်။

မျိုးချစ်စိတ်ဓာတ်ရှင်သန်ရေးပညာပေးဟောပြော

မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရန်နှင့် ယဉ်ကျေးမှုထိန်းသိမ်းတတ်စေရန် အသိပညာပေးဟောပြောပွဲကို မတ် ၁၀ရက်က ပြင်ဦးလွင်မြို့နယ် ဇီးပင်ကြီးကျေးရွာအုပ်စု၌ ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရီရီဝင်းက အမျိုးသမီးရေးရာအဖွဲ့၏ ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ရည်ရွယ်ချက်များ ဆွေးနွေးပြောကြားပြီး အမျိုးသမီးရေးရာအဖွဲ့ဝင် စည်းရုံးရေးမှူး ဒေါ်မြင့်မြင့်ကြည်က မျိုးချစ်စိတ် ရှင်သန်ထက်မြက်ရန် ယဉ်ကျေးမှုထိန်းသိမ်းတတ်စေရေး အသိပညာပေး ဟောပြောသည်။

နွားထိုးကြီးမြို့နယ်တွင် မျက်စိဝေဒနာရှင်များအား အခမဲ့ခွဲစိတ်ကုသပေး

မြင်းခြံခရိုင် ကျန်းမာရေး ကြီးကြပ်မှုကော်မတီ၏ ကြီးကြပ်မှုဖြင့် နွားထိုးကြီး မြို့နယ်အတွင်းရှိ မျက်စိဝေဒနာရှင်များအား အခမဲ့ကွင်းဆင်း ခွဲစိတ်ကုသပေးမှု အခမ်းအနားကို မတ် ၁၈ ရက် နံနက် ၉ နာရီက နွားထိုးကြီးမြို့နယ် ပြည်သူ့ဆေးရုံတွင် ကျင်းပရာ မျက်စိအထူးကု ဒေါက်တာဝင်းမာထွန်းနှင့် အဖွဲ့သည် မျက်စိဝေဒနာရှင် ၄၀တို့အား အခမဲ့ ခွဲစိတ်ကုသပေးခဲ့ကြကြောင်း သိရသည်။

ဘုရင့်နောင်ပန်းခြံ သာယာလှပရေး ဆောင်ရွက်

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့သာယာလှပရေးအတွက် အဖွဲ့ပိုင် ဘုရင့်နောင်ပန်းခြံနှင့် လမ်းလယ်ကျွန်းများတွင် ပန်းအလှပင်များ စဉ်ဆက်မပြတ် စိုက်ပျိုးလျက်ရှိရာ မတ် ၃ရက်က အငယ်တန်း အင်ဂျင်နီယာ (၃) (မြို့ပြ) ဦးဟန်ဝင်းအောင် ဦးဆောင်သော ဝန်ထမ်းများက ဘုရင့်နောင်ပန်းခြံ အတွင်း၌ ပန်းအလှပင်များကို အစားထိုးစိုက်ပျိုးခြင်းလုပ်ငန်းဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးကျော်စိုးနှင့် ဒုတိယဦးစီးမှူး ဦးဝင်းနိုင်တို့က ကြပ်မတ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အမျိုးသား ပတ်ဝန်းကျင်သန့်ရှင်းရေး ရက်သတ္တပတ်လှုပ်ရှား ချောင်းဦးမြို့၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် စုပေါင်းသန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်ခြင်းကို မတ် ၁၂ ရက်က ချောင်းဦးမြို့ မုံရွာ- မန္တလေးကားလမ်းမကြီး လမ်းဘေးဝဲယာတွင်ကျင်းပရာ ချောင်းဦးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဒေါက်တာလှစိန်နှင့် အလုပ်အမှုဆောင်များ၊ ရပ်ကွက်အမှုဆောင်များ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်အေးအေးမြင့်နှင့်အဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးမှုအခြေအနေ ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၃

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေသည် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်းနှင့်ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် ရန်ကုန်အရှေ့ပိုင်းခရိုင်အတွင်းရှိ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူးရုံးများသို့ သွားရောက်၍ နိုင်ငံသားစိစစ်ရေး ကတ်ပြားထုတ်ပေးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ရင်းရင်းနှီးနှီးတွေ့ဆုံ

ရှေးဦးစွာ ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့်အဖွဲ့ဝင်များသည် နံနက် ၉နာရီတွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ် (၆၄)ရပ်ကွက် စက်မှုဇုန်အမှတ်(၃) ပြည်ထောင်စုလမ်းမကြီးရှိ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံးသို့ ရောက်ရှိကြပြီး နိုင်ငံသားစိစစ်ရေးကတ်ပြား ရရှိရေး လာရောက်ဆောင်ရွက်ကြသည့် ပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

တာဝန်ရှိသူများမှာကြား

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေသည် အသက်(၁၀)နှစ်ပြည့် နိုင်ငံသားစိစစ်ရေး ကတ်ပြားလျှောက်ထားမှု၊ အသက်(၁၈)နှစ်ပြည့် နိုင်ငံသားစိစစ်ရေး ကတ်ပြား လျှောက်ထားမှု၊ အသက်(၁၀)နှစ်မှ (၁၈)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား လဲလှယ်ဆောင်ရွက်မှု၊ နိုင်ငံသားစိစစ်ရေးကတ်ပြား (ပျောက်ဆုံး/ပျက်စီး) မိတ္တူလျှောက်ထားမှုများနှင့် စပ်လျဉ်း၍ မြို့နယ်ဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ၊ လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန (ရုံးချုပ်)မှ တာဝန်ရှိသူများက နိုင်ငံသားစိစစ်ရေးကတ်ပြားများ လက်မှတ်ရေးထိုးထုတ်ပေးမှုအခြေအနေများကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ကြည့်ရှုအားပေး

ထိုမှတစ်ဆင့် ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် သာကေတမြို့နယ် (၄)မြောက်ရပ်ကွက် သုမနလမ်းရှိ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူးရုံးသို့ ရောက်ရှိကြပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိရေး လာရောက်ဆောင်ရွက်ကြသည့် ပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံ နှုတ်ဆက်ကြကာ ဝန်ကြီးသည် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးနိုင်ရေး စနစ်တကျဖြင့် ဆောင်ရွက်ပေးနေမှု၊ ပြီးသည့်နိုင်ငံသားစိစစ်ရေးကတ်ပြားများကို သက်ဆိုင်ရာပြည်သူများထံ ပေးအပ်နေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် သဃ်န်းကျွန်းမြို့နယ် လေးထောင့်ကန်ရပ်ကွက် ဦးဘဟန်လမ်းရှိ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူးရုံးသို့ ရောက်ရှိကြရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်နှင့်အတူ မြို့နယ်ဦးစီးဌာနမှူးနှင့် ဝန်ထမ်းများက နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးနိုင်ရေး စနစ်တကျဖြင့် ဆောင်ရွက်ပေးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီး ဝန်ကြီးက လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၁ နာရီခွဲတွင် တောင်ဥက္ကလာပမြို့နယ် အမှတ်(၁၀)ရပ်ကွက် သုမင်္ဂလာလမ်းရှိ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူးရုံးသို့ ရောက်ရှိကြရာ ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်းက မြို့နယ်ရှိလူဦးရေ၊ မြို့နယ်အတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေး ပြီးစီးမှုနှင့်ထုတ်ပေးရန် ကျန်ရှိသည့် လူဦးရေစာရင်းတို့ကို ရှင်းလင်းတင်ပြသည်။

တွေ့ဆုံမေးမြန်း

ထို့နောက် ဝန်ကြီးက နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိရေး လာရောက်ဆောင်ရွက်သည့် ပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံ၍ မေးမြန်းသည်။

ဆက်လက်၍ ဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့သည် မြို့နယ်ဦးစီးဌာနမှူးနှင့် ဝန်ထမ်းများက မြို့နယ် ပြည်သူများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးနိုင်ရေး စနစ်တကျဖြင့် ဆောင်ရွက်ပေးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ပံ့ပိုးကူညီ

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက အစည်းအဝေးခန်းမ၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများအား တွေ့ဆုံ၍ နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရေးနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားပြီး ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်းက နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးနိုင်ရေး ဆောင်ရွက်ရာတွင် ပါဝင်ပံ့ပိုးကူညီဆောင်ရွက်ပေးရမည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် နိုင်ငံသား စိစစ်ရေးကတ်ပြားများကို သက်ဆိုင်ရာပြည်သူများထံ ပေးအပ်နေမှုကို ကြည့်ရှုအားပေးသည်။ ထို့နောက် ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် အဖွဲ့ဝင်များသည် မြောက်ဥက္ကလာပမြို့နယ် (ဂ)ရပ်ကွက် မဏ္ဍိုင်လမ်းရှိ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ် ဦးစီးဌာနမှူးရုံးသို့ရောက်ရှိကြပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိရေး လာရောက်ဆောင်ရွက်ကြသည့် ပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကြပြီး လိုအပ်သည်များကို တာဝန်ရှိသူများအားမှာကြားကာ စိစစ်ပြီးသည့် နိုင်ငံသားစိစစ်ရေး ကတ်ပြားများကို သက်ဆိုင်ရာပြည်သူများထံ ပေးအပ်နေမှုကို ကြည့်ရှုအားပေးသည်။

ဖြည့်ဆည်းဆောင်ရွက်

ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေသည် ရန်ကုန်အရှေ့ပိုင်းခရိုင်အတွင်းရှိ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူးရုံးများသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာတွင် တာဝန်ရှိသူများအား ပြည်သူက ယုံကြည် အားကိုးသည့် ဝန်ထမ်းများဖြစ်စေရေးအတွက် လုပ်ငန်းတာဝန်များကို စေတနာထားဆောင်ရွက်ပေးရန်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို သတ်မှတ်ချက်များနှင့်အညီ စနစ်တကျစိစစ်၍ ထုတ်ပေးသွားရန်နှင့် လုပ်ငန်းများ သွက်လက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်နှင့် ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များနှင့် လူမှုရေးအသင်း အဖွဲ့ဝင်များကလည်း ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးရေးအတွက် ညှိနှိုင်းဆောင်ရွက်သွားကြရန် လိုကြောင်း၊ တာဝန်ရှိသူ အဆင့်ဆင့်ကလည်း လုပ်ငန်းများ အဆင်ပြေစွာ ဆောင်ရွက်နိုင်ရေးအတွက် ကြပ်မတ်ဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် မှာကြားကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ **(သတင်းစဉ်)**

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင် ဌာနဆိုင်ရာအကြီးအကဲများအား လုပ်ငန်းဆိုင်ရာများ ဆွေးနွေးမှာကြား

နေပြည်တော် ဧပြီ ၃

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က ဌာနဆိုင်ရာအကြီးအကဲများအား လုပ်ငန်းဆိုင်ရာများတွေ့ဆုံမှာကြားသည့် အခမ်းအနားကို ဧပြီ၂ရက် နံနက်ပိုင်းက နေပြည်တော်ရှိ ရေဆင်းသစ်တောသုတေသနအစည်းအဝေးခန်းမ၌ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ ပါမောက္ခချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အထွေထွေမန်နေဂျာများနှင့်တိုင်း၊ ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများတက်ရောက်ကြသည်။

အခမ်းအနားတွင် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က နိုင်ငံတော်က ပေးအပ်ထားသော ရည်မှန်းချက်တာဝန်များအောင်မြင်အောင် ကြိုးစားဆောင်ရွက်ရေး၊ လာဘ်ပေးလာဘ်ယူမှု၊ ငွေကြေးအလွဲသုံးစားမှုနှင့် ပစ္စည်းအလွဲသုံးစားမှုကင်းရှင်းရေး၊ စိုက်ခင်းများ စိုက်ပျိုးတည်ထောင်ခြင်းနှင့် သစ်တောများထိန်းသိမ်းရာတွင် အလုပ်သမားများ ငွားရမ်းခိုင်းစေပါက စနစ်တကျငွေပေးချေရေး၊ အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့(ILO)က အဓမ္မခိုင်းစေမှုနှင့်ပတ်သက်၍ မိမိတို့ဝန်ကြီးဌာနကို နှစ်ကြိမ်တိုင်ကြားခံရပြီးဖြစ်သဖြင့် အဓမ္မခိုင်းစေမှုများမဖြစ်ပေါ်ရေး ကြီးကြပ်ဆောင်ရွက်သွားရေး၊ အဆိုပါပြစ်မှုများကျူးလွန်ပါက ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် စံနမူနာပြအရေးယူသွားမည်ဖြစ်ကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ တပ်မတော်ဆေးတက္ကသိုလ်မှ ဗိုလ်လောင်းများ လာရောက်လေ့လာ

ရန်ကုန် ဧပြီ ၃

တပ်မတော်ဆေးတက္ကသိုလ် ကာကွယ်ရေးနှင့်လူမှုရေးဆေးပညာဌာနမှ ဒုတိယဗိုလ်မှူးကြီးခင်မောင်အေး ဦးဆောင်၍ နောက်ဆုံးနှစ်အပိုင်း(က)မှ ဗိုလ်လောင်း ၁၀၀ တို့သည် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အစည်းအဝေးခန်းမသို့ ယမန်နေ့နံနက် ၉နာရီတွင် ရောက်ရှိလေ့လာကြသည်။

ပြန်လည်ဖြေကြား

ရှေးဦးစွာ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်အေးအေးက နှုတ်ခွန်းဆက် စကားပြောကြားပြီး ဗဟိုအလုပ်အမှုဆောင်များက အသင်းဖွဲ့စည်းပုံအဆင့်ဆင့်၊ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေး စောင့်ရှောက်မှုလုပ်ငန်းဆောင်ရွက်မှုများနှင့် ထောင်စုနှစ်ရည်မှန်းချက်များနှင့် အသင်း၏ လုပ်ငန်းစဉ်များ ဆက်စပ်ပုံတို့ကို ရှင်းလင်းပြောကြားကြသည်။ ထို့နောက် ဗိုလ်လောင်းများက သိလိုသည်များကို မေးမြန်း ဆွေးနွေးရာ ဗဟိုအလုပ်အမှုဆောင်များက ပြန်လည်ဖြေကြားကြသည်။

လှည့်လည်ကြည့်ရှု

ဆက်လက်၍ လေ့လာရေးအဖွဲ့ဝင် တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းများသည် မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဘက်စုံအဆောက်အအုံအတွင်းရှိ ရောဂါရှာဖွေရေး ဆေးခန်းနှင့် PMCT Center တို့သို့ လှည့်လည်ကြည့်ရှုလေ့လာကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နှုတ်ခွန်းဆက်စကား

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်အေးအေး တပ်မတော်ဆေးတက္ကသိုလ် နောက်ဆုံးနှစ်အပိုင်း(က)မှ ဗိုလ်လောင်းများအား နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။
(မိခင်/ကလေး)

ပြည်ကြီးတံခွန်မြို့နယ်တွင် ကတ္တရာလမ်းသစ်ဖွင့် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော် ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး

နေပြည်တော် ဧပြီ ၃

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီက တာဝန်ယူဆောင်ရွက်ခဲ့သော ပြည်ကြီးတံခွန်မြို့နယ် ၆၂ လမ်း၊ မန္တလေး–ပြင်ဦးလွင် မီးရထားသံလမ်းနှင့် မင်းကြီးရန်နောင်လမ်းကြား ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို မတ် ၂၁ ရက် နံနက် ၈နာရီခွဲက ၆၂လမ်းနှင့် မန္တလေး–ပြင်ဦးလွင် မီးရထားသံလမ်းထိပ်မုခ်ဦးတွင် ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်တက်ရောက်၍ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ (အပေါ်ပုံ)

အခမ်းအနားသို့ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်၊ တရားရုံးချုပ် (အထက်မြန်မာပြည်) ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်၊ တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်သန်းနှင့် အဖွဲ့ဝင်များ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးမောင်ပုနှင့် ဌာနမှူးများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ အစီအစဉ်အရ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးမောင်ပုက လမ်းသစ်ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ဒေသခံပြည်သူလူထုကိုယ်စား ရပ်မိရပ်ဖဖြစ်သူ ဦးထွန်းထွန်းသန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် မန္တလေး မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်တို့က ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အလံများပေးအပ်

ဆက်လက်၍ တိုင်းမှူးနှင့် မြို့တော်ဝန်တို့အား မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးမောင်ပုက လမ်းဖွင့်ပွဲ အထိမ်းအမှတ် အလံများကို ပေးအပ်သည်။

ပြည်သူကိုနှုတ်ဆက်

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် တက်ရောက်လာကြသူများသည် အဆိုပါလမ်းသစ်ကို ကြည့်ရှုစစ်ဆေးပြီး အခမ်းအနားသို့ တက်ရောက်လာသည့် ပြည်သူလူထုကိုနှုတ်ဆက်ကာ ပြန်လည်ထွက်ခွာသွားသည်။ အဆိုပါ ကတ္တရာလမ်းသစ်အား ၂၀၀၆ ခုနှစ် ဧပြီ ၂၉ရက်တွင် လုပ်ငန်းစတင်ခဲ့ပြီး မူလလမ်းအကျယ် ၂၄ပေမှ ယခုလမ်း အကျယ် ပေ ၃၀အထိ တိုးချဲ့ကာ ကတ္တရာထပ်ပိုးလွှာ ခင်းခြင်းဖြစ်ပြီး လမ်းအလျားမှာ ပေ ၃၉၀၀ ဖြစ်သည်။ စုစုပေါင်းကုန်ကျငွေကျပ် သန်းပေါင်း ၄၄ ဒသမ ၄၇ သန်းဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

တရားရုံးချုပ် (နေပြည်တော်)ပြစ်မှုဆိုင်ရာ အထူးအယူခံမှု စီရင်ချက်ချမှတ်

နေပြည်တော် ဧပြီ ၃

တရားရုံးချုပ်(ရန်ကုန်) ဒုတိယ တရားသူကြီးချုပ် ဦးသိန်းစိုး၊ တရားရုံးချုပ် တရားသူကြီးများ ဖြစ်ကြသော ဦးခင်မြင့်နှင့်ဦးဟန်ရှိန် တို့ ပါဝင်သော အထူးအယူခံ ခုံရုံးသည် ယမန်နေ့နံနက် ၁၀ နာရီက တရားရုံးချုပ်(နေပြည်တော်) တရားခွင်အမှတ် (၁)၌ ရုံးထိုင်၍ ပြစ်မှုဆိုင်ရာ အထူးအယူခံမှု လေးမှုကို စီရင်ချက် ချမှတ်ခဲ့သည်။ ထို့ပြင် ၂၀၀၀ ပြည့်နှစ် တရားစီရင်ရေး ဥပဒေ ပုဒ်မ(၇)အရ တင်သွင်းသည့် တရားမ အထူးအယူခံမှု လေးမှုကို ကြားနာကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်ကွန်ပျူတာတက္ကသိုလ် အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၃

ရန်ကုန် ကွန်ပျူတာတက္ကသိုလ်တွင် ၁၉၈၆–၈၇ ပညာသင်နှစ်မှ စတင်၍ ယနေ့အထိ ပညာသင်ကြားခဲ့ကြသည့် ကျောင်းသား ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ကျင်းပမည်ဖြစ်သည်။

ကျောင်းသူ ကျောင်းသားဟောင်းများအနေဖြင့် အာစရိယပူဇော်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရန်နှင့် အလှူငွေများကို ကိုအေးထွန်းလင်း ဖုန်း–၀၉–၅၁၀–၉၁၁၇၊ ကိုမင်းဦး ဖုန်း–၀၉ –၅၀၀–၇၁၆၆၊ ကိုမိုးသူကျော် ဖုန်း–၀၉–၈၀၂–၂၀၇၁၊ ကိုကျော်ကျော်နိုင် ဖုန်း–၀၉–၉၉၂–၀၆၃၇၊ ကိုကျော်မြတ်သော် ဖုန်း–၀၉ –၈၀၂–၄၄၁၈၊ ကိုမျိုးလင်းအောင်ကျော် ဖုန်း–၀၉–၅၁၅–၄၇၁၇၊ ကိုကျော်မောင်မောင်ဝင်း ဖုန်း–၀၉–၀၁၂–၄၂၂၇၊ ကိုရူပ ဖုန်း–၀၉–၈၀၂–၃၆၄၆နှင့် ကိုရဲဝင့်ထူး ဖုန်း–၀၉ ၅၀၀–၃၇၀၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

မြိတ်အကျဉ်းထောင်အတွင်း ရေသန့်စင်စက်တပ်ဆင်အသုံးပြု တိုင်းကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း အဆောက်အအုံဆောက်လုပ်

နေပြည်တော် ဧပြီ ၃

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် တနင်္သာရီတိုင်းတာဝန်ခံ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် မတ် ၃၁ ရက် နံနက်ပိုင်းက တနင်္သာရီတိုင်း မြိတ်မြို့ အကျဉ်းဦးစီးဌာနသို့ရောက်ရှိပြီး ယူနိုက်တက် ကေအမ်ကေ (မြိတ်)ကုမ္ပဏီလီမိတက်က လှူဒါန်းထားသော မြိတ်အကျဉ်းထောင်အတွင်းရှိ ရေသန့်စင်စက် တပ်ဆင်အသုံးပြုနေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဖွံ့ဖြိုးတိုးတက်ရေး

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် မြိတ်မြို့ ရှမ်းချောင်းရပ်ရှိ တနင်္သာရီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး တည်ဆောက်ပြီးစီးမှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး အသင်းရုံးခန်းမဆောင်၌ တိုင်း၊ ခရိုင် အလုပ်အမှုဆောင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို မှာကြားသည်။

ပေးအပ်

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် တိုင်း၊ ခရိုင်နှင့် မြို့နယ် အလုပ်အမှုဆောင်များ၏တင်ပြချက်များ အပေါ်ဗဟိုအလုပ်အမှုဆောင်က ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။ ထို့နောက် မင်းဇာနည် ကုမ္ပဏီလီမိတက်က တနင်္သာရီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသို့ ငွေကျပ်သိန်း ၁၀၀ကို ပေးအပ်လှူဒါန်းရာ တိုင်းအသင်း အတွင်းရေးမှူး ဦးကျော်ကျော်ဌေးနှင့် အလုပ်အမှုဆောင်များက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ကြည့်ရှု

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ဧပြီ ၁ရက် မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်း မအူပင်ခရိုင် ဝါးတောကျေးရွာရှိ ဖြိုးဇေယာငါးမွေးမြူရေးလုပ်ငန်း၏ အမှတ်(၂) ငါးမွေးမြူရေးစခန်း (ဝါးတော)သို့ ရောက်ရှိပြီးမွေးမြူရေးစခန်းရှင်းလင်းဆောင်၌ တာဝန်ခံဦးလှမြင့်အောင်က ကန်များ ဖော်ယူရောင်းချပြီးစီးမှုနှင့် ထပ်မံမွေးမြူသွားနိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဗဟိုအလုပ်အမှုဆောင်က လိုအပ်သည်များ ဖြည့်ဆည်းမှာကြားပြီး ဖော်ယူပြီးစီး၍ မွေးကန်များ အခြောက်ခံပြုပြင်ထားရှိမှုနှင့် ထပ်မံဖော်ယူရောင်းချမည့် အသားတိုးငါးများ၏ ကြီးထွားနှုန်း အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

လှည့်လည်ကြည့်ရှု

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် မအူပင်ရေနက်ကွင်း ဝါးတောရှိ ဖြိုးဇေယာ ငါးမွေးမြူရေး လုပ်ငန်း အမှတ်(၅)ငါးမွေးမြူရေးစခန်း တည်ဆောက်နေမှုနှင့် ကန်များ တူးဖော်နေမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကင်း(၁၂)လုံးတန်း တရားသဘင် ကျင်းပမည်

ရန်ကုန် ဧပြီ ၃

ရန်ကင်းမြို့နယ် အမှတ်(၃)ရပ်ကွက် (၁၂)လုံးတန်း ကျက်သရေဆောင် သဒ္ဓမ္မဘာဝိတဓမ္မာရုံ တွင် ဧပြီ ၅ ရက်၌ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ နန္ဒမာလာဘိဝံသ၊ ၆ ရက်တွင် မဇ္ဈိမဂုဏ်ရည် ဆရာတော်ဒေါက်တာ ဘဒ္ဒန္တ ကောဝိဒ၊ ၇ ရက်တွင် ငွေတောင်ဆရာတော် ဘဒ္ဒန္တ ဝိသုဒ္ဓ (ဓမ္မာစရိယ)၊ ၈ ရက်တွင် တောင်စွန်းဆရာတော် ဓမ္မဇေရီ ဘဒ္ဒန္တ ဝီရိယနှင့် ၉ရက်တွင် မဟာဂန္ဓဝါစကပဏ္ဍိတ ဘဒ္ဒန္တ ဝိလာသတို့က ငါးရက်တိုင်တိုင် ညစဉ် ၇နာရီမှ စတင်၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားချီးမြှင့်မည်ဖြစ်ရာ ဓမ္မမိတ်ဆွေအပေါင်းအား တရားတော်နာ ကြွရောက်ကြပါရန် ဖိတ်ကြား နှိုးဆော်ထားကြောင်း သိရသည်။

(က–ပ)

သကြ္န်တွင်း တရားစခန်းပွဲများ

ဝိပဿနာ ၁၀ ရက် တရားစခန်းပွဲ

ပဲခူးတိုင်း ပဲခူးမြို့နယ် အင်းတကော် စံပြကျေးရွာအတွင်း တောင်ကိုးလုံး သဒ္ဓမ္မအလင်းရောင် ကျောင်းတိုက်၏ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ဇာဂရ (သာသနဓဇ ဓမ္မာစရိယ မဟာအကျော် ဥဘတောဝိဘင်္ဂရေ ပဋိကတ္တယ ပါရဂူ မဟာဝိဇ္ဇာ M.A(အိန္ဒိယ) ဓမ္မကထိက ဗဟုဇနဟိတဓရ အရှင်သူမြတ်သည် ကျေးဇူးရှင် မဟာစည်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ၁၃၆၈ ခုနှစ် နှောင်းတန်ခူးလပြည့်ကျော် ၇ ရက် (ဧပြီ ၈ ရက်)မှစ၍ ၁၃၆၉ ခု နှစ်ဆန်းတစ်ရက် (ဧပြီ ၁၇ ရက်)အထိ ၁၀ ရက်တိုင်တိုင် ဝိပဿနာ တရားများဟောပြောပြသမည်ဖြစ်ရာ တရားစခန်းပွဲဝင်လိုသူများ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

အောင်မင်္ဂလာ သိဒ္ဓိဝါးကျောင်း သကြ္န်အဓိဋ္ဌာန် ငါးရက်စခန်း

ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ် အမှတ်(၂၀)ရပ်ကွက် (အနောက်သံဒင်း) ရှိ အောင်မင်္ဂလာသိဒ္ဓိဝါးကျောင်းတွင် ပဓာနဆရာတော် ဘဒ္ဒန္တ ကောသလ္လနှင့် အရှင်ဇောတိပါလ(မြိတ်)တို့ ဟောပြော ပြသမည်ဖြစ်သည်။ သကြ္န်အဓိဋ္ဌာန် ငါးရက်စခန်းကို ဧပြီ ၁၂ ရက်မှ ၁၇ရက်အထိ ကျင်းပမည်ဖြစ်ရာ တရားစခန်း ဝင်လိုသော ယောဂီများသည် ဘဒ္ဒန္တဉာဏိက(အောင်မင်္ဂလာသိဒ္ဓိဝါးကျောင်း)ထံ စုံစမ်းဆက်သွယ်နိုင်ကြောင်း သိရသည်။

မဟာစည်သာသနာ့ဗိမာန်ရိပ်သာ(အင်းစိန်) သကြ္န် ၁၀ ရက်တရားစခန်း ကျင်းပမည်

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အရှေ့ကြို့ကုန်းရပ်ကွက် မဟာသုခိတာလမ်းရှိ မဟာစည်ဩဝါဒခံ သာသနာ့ဗိမာန်ရိပ်သာ၌ မဟာစည်နာယက ဘဒ္ဒန္တဝါယာမာဝုဓ (သာသနဓဇ ဓမ္မာစရိယ၊ မဟာကမ္မဋ္ဌာနာစရိယ) ဆရာတော်ကိုယ်တိုင် မဟာစည်သတိပဋ္ဌာန် ဝိပဿနာတရားတော်များကို ဧပြီ ၁၂ရက်မှ ၂၃ရက် အထိ ၁၀ ရက်တိုင်တိုင် ဟောပြောပြသမည်ဖြစ်ရာ ဧပြီ ၁၁ရက် (ကြာသပတေးနေ့) ညနေ ၅ နာရီအရောက် သတင်းပို့ကြရန်နှင့် တရားစခန်း ဝင်လိုသော ယောဂီများနှင့် ဆွမ်းလှူဒါန်းလိုသော အလှူရှင်များသည် ရိပ်သာ ဖုန်း–၆၄၁၃၂၄သို့ စာရင်းပေးသွင်း လှူဒါန်းနိုင်ကြောင်း သိရသည်။

သန်လျင်ကျိုက်အင်း မဟာစည် သာသနာ့ရိပ်သာ အထူးတရားစခန်းပွဲ

သန်လျင်မြို့ ကျိုက်အင်းမဟာစည်သာသနာ့ရိပ်သာ ဓမ္မရက္ခိတကျောင်းတိုက်တွင် ဗုဒ္ဓ၏သတိပဋ္ဌာန်ကျင့်စဉ်နှင့် ပါဠိတော်ဟောစဉ်အတိုင်း(နိဗ္ဗာန်ရောက်ရေး အလေးပေးကာ)ကျင့်စဉ်နှင့် ဟောစဉ်တရားတော်များကို ပဓာနနာယက ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ ခေမာစာရ(ရေတာရှည်) ဆရာတော်အရှင်သူမြတ်က(၁၁)မီးငြိမ်းရန် (၂၆)ကြိမ်မြောက် ၁၁ ရက် တရားစခန်းပွဲ၌ ဟောကြားပြသမည်ဖြစ်သည်။

တရားအားထုတ်ကြမည့် ယောဂီများ တန်ခူးလပြည့်ကျော် ၁၁ ရက် (ဧပြီ ၁၂ ရက်) ညနေ ၄နာရီအရောက်ကျိုက်ခေါက်ဘုရားအလွန် ကျိုက်အင်းမှတ်တိုင်ဆင်း၍ လာရောက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။

ဝိပဿနာ ၁၀ ရက် တရားပွဲကျင်းပမည်

ရှမ်းပြည်နယ်(တောင်ပိုင်း)ပင်းတယမြို့နယ် ထယ်သွန်းကျေးရွာအုပ်စု ကုံလုံကျောင်းတိုက်အနီး ဘဒ္ဒတောင်သာသနာပြု ဝိပဿနာဓမ္မရိပ်သာ၌ ၁၃၆၈ ခု နှောင်းတန်ခူးပြည့်ကျော် ၁၂ ရက် (ဧပြီ ၁၃ ရက်) သောကြာနေ့မှ ၁၃၆၉ ကဆုန်လဆန်း ၇ ရက် (ဧပြီ ၂၂ ရက်) တနင်္ဂနွေနေ့အထိ ၁၀ ရက်ပတ်လုံး ကျေးဇူးရှင် ကုံလုံဆရာတော်ကြီး၏တပည့်၊ ဘဒ္ဒတောင် ဘာဝနာနည်းပြ ရှင်တေဇာဘာသ (ဘဒ္ဒရှင်ကြီး)က ဝိပဿနာတရား ဟောကြားပြသပေးမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများ နှောင်းတန်ခူး လပြည့်ကျော် ၁၁ ရက် အရောက် လာရောက်ရမည် ဖြစ်ကြောင်းသိရသည်။

မှော်ဘီမြို့ သကြ္န်တွင်း တရားစခန်းပွဲ

ရန်ကုန်တိုင်း မှော်ဘီမြို့ မြို့မ(၂)ရပ်ကွက် ထန်းတပင်လမ်း ဇမ္ဗူထိပ် မဟာအတုလကျောင်းတိုက်တွင် ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ပဓာနနာယကဆရာတော် ဘဒ္ဒန္တ ဝိသာရဒ၊ သာသနဓဇ ဓမ္မာစရိယ(ပါဠိဂုဏ်ထူး)နှင့် အနုနာယက ဘဒ္ဒန္တ ကုမုဒ၊ (ဓမ္မာစရိယ)၊ ဘဒ္ဒန္တ နိသေတက (ဓမ္မာစရိယ)တို့က ဧပြီ ၁၂ ရက်မှ ၁၇ ရက်အထိ တရားစခန်း ဖွင့်လှစ်မည်ဖြစ်ရာ တရားစခန်းဝင်လိုသူများနှင့် ဒုလ္လဘရဟန်း ဝတ်လိုသူများ ဖုန်း–၆၂၀၅၁၈သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်နှင့် ဝန်ကြီးဗိုလ်ချုပ်ဌေးဦး ဇီးချောင်းရေလှောင်တမံစီမံကိန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၃

ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်နှင့် လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးတို့သည် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စစ်တွေ ခရိုင်နှင့် ကျောက်တော်မြို့နယ်တို့မှ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့်အတူ မတ် ၂၉ရက် ညနေပိုင်းတွင် ကျောက်တော်မြို့နယ်ရှိ မဟာမုနိဘုရားကြီးအား ဖူးမြော်ကြည်ညိုပြီး ဘုရားကြီး ဘက်စုံမွမ်းမံပြုပြင်ရန်အတွက် အလှူတော်ငွေများကို ဂေါပကအဖွဲ့သို့ လှူဒါန်းကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ကျောက်တော်မြို့နယ် ဇီးချောင်း ကျေးရွာအနီး ဆည်မြောင်း ဦးစီးဌာနမှ တည်ဆောက်လျက်ရှိသော ဇီးချောင်း ရေလှောင်တမံစီမံကိန်းသို့ သွားရောက်၍ တည်ဆောက်နေသည့် စီမံကိန်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ ရှင်းလင်းဆောင်တွင် ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၃)လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်မောင်အေးက ပင်မတမံ တည်ဆောက်နိုင်ရန် ဆောင်ရွက်နေသည့်လုပ်ငန်းများကို ပုံစံကားချပ်များဖြင့် ရှင်းလင်းတင်ပြပြီး ဆည်မြောင်းဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ်ဦးခင်ဇော်က ဘူမိဗေဒ စမ်းသပ်ပြီးစီးမှုနှင့် ဒီဇိုင်းပုံစံတို့ကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဖြည့်ဆည်းပေး

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ဆောင်ရွက်နေသည့်လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး တည်ဆောက်ရေးတာဝန်ခံများအား ပတ်ဝန်းကျင်၌ အသေးစားရေအား လျှပ်စစ်ထုတ်ယူရရှိရေးနှင့် ဆည်ရေသောက်ဖြစ်လာမည့် ဒေသပတ်ဝန်းကျင်၌ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကိစ္စများ ဆွေးနွေး မှာကြားပြီး လိုအပ်ချက်များဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

စိုက်ပျိုးရေ

ဇီးချောင်းရေလှောင်တမံသည် ရေဧကပေ နှစ်စဉ် ၁၃၂၀၀ စီးဆင်းသည့် ဇီးချောင်းပေါ်၌ မြေသားတမံပိတ်၍ ရေလှောင်ကန်တွင် ရေဧက ပေ ၆၅၉၀ သိုလှောင်ကာ စိုက်ပျိုးရေပေးဝေမည့် စီမံကိန်းဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်၊ လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးတို့ ကျောက်တော်မြို့နယ် ဇီးချောင်းရေလှောင်တမံ စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။

(လယ်/ဆည်)



စည်းရုံးရေးနှင့်ခရီးရှည်လမ်းလျှောက်ခြင်းအောင်မြင်ခြင်းအထိမ်းအမှတ် ခရီးစဉ်တွင်ပါဝင်ခဲ့သူများအား ဂုဏ်ပြုညစာစားပွဲတည်ခင်းဧည့်ခံ

ကချင်ပြည်နယ် ပူတာအိုခရိုင် ပန်နန်းဒင်မြို့နယ်သို့ စည်းရုံးရေးနှင့် ခရီးရှည်လမ်းလျှောက်ခြင်း ခရီးစဉ် (မိုးယံမှ ကြယ်ခရီးစဉ်)တွင် ပါဝင်ခဲ့သော ပြည်နယ်၊တိုင်းအသီးသီးမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် လူငယ်များ၊ မြန်မာနိုင်ငံ ခြေလျင်နှင့်တောင်တက်အသင်းဝင်များ၊ ကချင်ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (ဆက်သွယ်ရေး)

နေပြည်တော် ဧပြီ ၃

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း လူငယ်ရေးရာ လှုပ်ရှားမှုအနေဖြင့် ဆောင်ရွက်ခဲ့သော ကချင်ပြည်နယ် ပူတာအိုခရိုင် ပန်နန်း ဒင်မြို့နယ် တဟွန်ဒန်းနှင့် ဂူဘားဒေသများသို့ စည်းရုံးရေးနှင့် ခရီးရှည် လမ်းလျှောက်ခြင်းခရီးစဉ် (မိုးယံမှ ကြယ်ခရီးစဉ်)အောင်မြင်ပြီးဆုံးခြင်းအထိမ်းအမှတ်နှင့် ခရီးစဉ်တွင် ပါဝင်ခဲ့သူများအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခြင်းအခမ်းအနားအား ယမန်နေ့ညနေဖနာရီခွဲတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ကျင်းပသည်။

အခမ်းအနားသို့ ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းနာယက ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့်ဇနီး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး လူငယ်ရေးရာတာဝန်ခံ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မြန်မာနိုင်ငံခြေလျင်နှင့် တောင်တက်အသင်းမှ တာဝန်ရှိသူများ၊ ခရီးစဉ်တွင်ပါဝင်ခဲ့သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ချီးကျူးဂုဏ်ပြု

အစီအစဉ်အရ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က ကြိုဆိုနှုတ်ဆက်စကား ပြောကြားရာတွင် မိမိတို့ပြည်နယ်တွင်းရှိ ဒေသများသို့ ယခုကဲ့သို့ ပြည်နယ်၊တိုင်းအသီးသီးမှ တိုင်းရင်းသားလူငယ်များ လာရောက်ပြီး ဒေသန္တရဗဟုသုတလေ့လာရှာမှီးရင်းနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကိုယ်တိုင်ကိုယ်ကျပါဝင်ဆောင်ရွက်ပေးခဲ့ကြသဖြင့် ဒေသလူထုကိုယ်စား ဝမ်းမြောက် ဂုဏ်ယူပါကြောင်းနှင့် ခက်ခဲကြမ်းတမ်းသည့် ခရီးရှည်ကြီး၏ ပင်ပန်းဆင်းရဲမှုကို မညည်းငြူဘဲ ဇွဲ လုံ့လ ဝီရိယအပြည့်ဖြင့် လူငယ်တို့၏ အားမာန်ကို ပြသနိုင်ခဲ့သည့်အတွက် လှိုက်လှဲစွာ ချီးကျူးဂုဏ်ပြုပါကြောင်း ဖြင့် ပြောကြားသွားသည်။

ထို့နောက် ဗဟိုအတွင်းရေးမှူးနှင့် ကချင်ပြည်နယ်တာဝန်ခံ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီး ဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော်က အမှာစကားပြောကြားသည်။

ဂုဏ်ပြုလွှာပေးအပ်

ဆက်လက်၍ ဂုဏ်ပြုလက်ဆောင် နှင့် ဂုဏ်ပြုလွှာပေးအပ်ရာ တိုင်းမှူး၊ ဝန်ကြီးနှင့် ပြည်နယ်အဆင့် ဌာန အကြီးအကဲများက ခရီးစဉ်တွင် ပါဝင်ခဲ့သူ တစ်ဦးချင်းစီအား ဂုဏ်ပြုလက်ဆောင်နှင့် ဂုဏ်ပြုလွှာများ အသီးသီး ပေးအပ်ကြသည်။

အသေးစိတ်ရှင်းလင်း

ထို့နောက် အဆိုပါခရီးစဉ်အား ကိုယ်တိုင်လိုက်ပါဦးဆောင်ခဲ့သူ ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးရား ဝမ်ဂျုံနှင့် မြန်မာနိုင်ငံခြေလျင် တောင်တက်အသင်း အတွင်းရေးမှူး ဒေါက်တာ ခင်မောင်တို့က ခရီးစဉ်အတွင်း နေ့စဉ် ဆောင်ရွက်ချက် အခြေအနေများကို မှတ်တမ်းတင် ဗီဒီယိုဖြင့် အသေးစိတ် ရှင်းလင်းတင်ပြကြသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ခါနွေဦးကာလ လူငယ်ရေးရာ စဉ်တိုက်လှုပ်ရှားမှုအနေဖြင့် ဆောင်ရွက်သော ယခုခရီးစဉ်တွင် ပြည်နယ်၊တိုင်းအသီးသီးမှ အသင်းဝင်လူငယ် ၅၀၊ မြန်မာနိုင်ငံ ခြေလျင်နှင့် တောင်တက်အသင်းမှ အသင်းဝင် ၁၆ ဦး၊ ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းမှ အတွင်းရေးမှူး အပါအဝင် ကြီးကြပ်သူ ခုနစ်ဦး စုစုပေါင်း ၇၄ ဦးဖြင့် မတ် ၅ ရက်မှ ၂၉ ရက်အထိ စုစုပေါင်းခရီးမိုင် ၂၈၀ ရှည်လျားသောကချင်ပြည်နယ်ပူတာအိုခရိုင်အတွင်းရှိ ပန်နန်းဒင်မြို့နယ်ရှိ တဟွန်ဒန်းနှင့် ဂူဘားဒေသများသို့ ခရီးရှည်လမ်းလျှောက်ခဲ့ကြခြင်းဖြစ်သည်။

ပေးအပ်လှူဒါန်း

ခရီးစဉ် လိုက်ပါလာသူများအား ခရီးစဉ်တစ်လျှောက်တွင် ကျေးရွာများမှ ဝမ်းပန်းတသာကြိုဆိုကြသည့်အပြင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင် အဆိုပြုလွှာ ၁၅၅၀ စောင် ပေးအပ်ခဲ့ကြသည်။ ခရီးစဉ်အတွင်း ကျေးလက်မီးလင်းရေးအတွက် ဘာဘော့ကျေးရွာ၊ ထန်ဂါးကျေးရွာ၊ အလန်ဂါးကျေးရွာ၊ တဆူထုကျေးရွာ၊ ဒဖုံဒမ်းကျေးရွာ၊ ငဝါကျေးရွာနှင့် တဟွန်ဒမ်းကျေးရွာများတွင် ရေအားလျှပ်စစ်စက်များ လှူဒါန်းတပ်ဆင်ပေးနိုင်ခဲ့သည့်အပြင် ခရီးစဉ်အတွင်း အဖွဲ့ဝင်အဖြစ် လိုက်ပါလာကြသော မြန်မာနိုင်ငံ သူနာပြုတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဒေါ်ခင်မေအုန်း ဦးဆောင်သော ဆေးအဖွဲ့ဝင် ကိုးဦးတို့ကလည်း လမ်းခရီးတစ်လျှောက် ကျေးရွာတိုင်း၌ နှုတ်ခမ်းကွဲလူနာ သုံးဦး၊ အထွေထွေရောဂါ ၉၇၂ဦး၊ သွားရောဂါ၂၃၇ဦး စုစုပေါင်း ဒေသခံ ၁၂၁၂ဦးကို လိုအပ်သော ခွဲစိတ်ကုသမှုများ အပါအဝင် ဆေးဝါးကုသမှုများကို အောင်မြင်စွာ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ကျန်းမာရေး အသိပညာဟောပြောမှု အစီအစဉ်များပါ ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ပန်နန်းဒင်မြို့နယ်ရှိ အနန္တလောကသီရိစေတီတော်မြတ်ကြီး ထီးတော်တင်လှူရေးအတွက် အစီအမံများ ဆောင်ရွက်ပေးခဲ့သည့်အပြင် ကျေးရွာများ၏ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးများအတွက်နှင့် အဝတ်အထည်များကိုလည်း လှူဒါန်းခဲ့ကြောင်း သိရသည်။

ညစာတည်ခင်း

ထို့နောက်ညစာစားပွဲဖြင့်တည်ခင်းဧည့်ခံကာဒေသခံ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များက ဂုဏ်ပြုတေးသီချင်းများနှင့် သီဆိုဖျော်ဖြေပြီး တိုင်းမှူး၊ ဝန်ကြီးနှင့်တက်ရောက်လာသည့် ဧည့်သည်များနှင့် ခရီးစဉ်တွင် ပါဝင်ခဲ့ကြသူများ စုပေါင်း၍ အမှတ်တရ ဓာတ်ပုံရိုက်ကြပြီး အခမ်းအနားကို ရုပ်သိမ်းသည်။

ထောက်ပံ့

ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်တို့သည် မတ်၃၀ရက်တွင် မြစ်ကြီးနားမြို့နယ် နောင်နန်းကျေးရွာ တွဲဖက်အထက်တန်းကျောင်း၌ကျင်းပသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသင်းဝင်အဆိုပြုလွှာ ၁၉၂၅ စောင် စုပေါင်းပေးအပ်ပွဲသို့ တက်ရောက်ချီးမြှင့်ပြီး လိုအပ်သည်များကို ဖြည့်ဆည်းထောက်ပံ့ပေးခဲ့သည်။

မှာကြား

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့သည် နောင်နန်းကျေးရွာမှ မော်တော်ယာဉ်များဖြင့် မြစ်ကြီးနား-ကန်ပိုက်တီး-ဆဒုံးကားလမ်းဖ၄မိုင် ၏ လမ်းဖောက်လုပ်မှု၊ ကတ္တရာခင်းကျင်းမှု အခြေအနေများကို လှည့်လည်စစ်ဆေး ကြည့်ရှု၍ လိုအပ်သည်များကို မှာကြားခဲ့ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

၁။ နယ်စပ်များမှ တရားမဝင်တင်သွင်း၍ ဖမ်းဆီးရမိသော အောက်ဖော်ပြပါ ဆေးများမှာ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်း (မရှိ)သော ဆေးဝါးများဖြစ်ပါကြောင်းနှင့် ဆေးဝါးများမှာ အရည်အသွေး အာမခံချက် မရှိပါကြောင်း အသိပေးအပ်ပါသည်။

စဉ်	ဆေးအမည်	ထုတ်လုပ်သည့်ကုမ္ပဏီအမည်	နိုင်ငံ
၁။	Pekquine Injection (Chloroquine Phosphate 325.5 mg, eq.to Base 200 mg, Lignocaine HCI 50 mg)	Liwinner Pharmaceuticals Limited Partnership Thailand	Thailand
၂။	Cencenac G Tablets (Diclofenac Sodium 25 mg)	Central Poly Trading Co., Ltd.	ဖော်ပြထားခြင်း မရှိပါ
၃။	Sirepar Liver extract Injection (Hepatic Hydrolyze fluid extract eq. to Vitamin B12 10 ug/ml)	Mediline Co.,Ltd. Thailand	Thailand
၄။	Alupine Tablet	Lerd Singh Pharmaceuticals Fact, Ltd,. Part, Thailand	Thailand
၅။	Nivagin Injection (Sodium Phenyl-dimethyl-pyrazolone-methyl-amino-methane sulphonate (Metamizol) 0.5 G, Lidocaine HCl 0.01 G)/Ml	T.P Drug Laboratories (1969)Co., Ltd. Thailand	Thailand

၂။ အများပြည်သူများသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများကို ဝယ်ယူသုံးစွဲခြင်း မပြုကြရန်နှင့် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသော ဆေးဝါးများကိုသာ စူးစမ်းဝယ်ယူသုံးစွဲပါရန် နှိုးဆော်အပ်ပါသည်။

၃။ ဆေးဝါးတင်သွင်းဖြန့်ဖြူးသည့် ကုမ္ပဏီ၊ ဆေးဝါးရောင်းချသည့်ဆေးဆိုင်များသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများ၊ ဆေးဝါးအတု၊ စံမညီဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်း လုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းက တည်ဆဲဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း သတိပေးအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

■ ကျောဖုံးမှ

ရှင်းလင်းပြသ

ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် တောင်ငူမြို့မှ မော်တော်ယာဉ်ဖြင့် အုတ်တွင်းမြို့သို့ရောက်ရှိပြီး ယင်းမှတစ်ဆင့် ပဲခူးရိုးမ ဖြတ်လမ်းအတိုင်း ပြည်သို့ ဆက်လက်ထွက်ခွာရာ နံနက် ၉ နာရီတွင် မိုင်တိုင် (၉၂)သို့ရောက်ရှိပြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းဆောက်လုပ်ရေး စီမံကိန်း အထူးအဖွဲ့(၇)က မိုင်တိုင်(၉၂)နှင့် (၉၃)အကြားရှိ ဒု-အခြေခံ ပထမ အလွှာ ကျောက်ခင်းနေမှုကို ကြည့်ရှုစစ်ဆေးသည်။ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း ပဲခူးတိုင်း အင်ဂျင်နီယာမှူးကြီး ဦးဝင်းမောင်နှင့် တာဝန်ရှိသူများက မြေသားလမ်းအား ကျောက်လမ်းအဖြစ်ခင်းမှုအခြေအနေနှင့် ကတ္တရာလမ်းအဖြစ် တိုးတက်ဆောင်ရွက်မည့်အခြေအနေများကို ရှင်းလင်းပြသကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ကျောက်ခင်းမှုလုပ်ငန်း ပြီးစီးပါက ပွင့်လင်းရာသီအတွင်း ကတ္တရာလမ်းအဖြစ် ပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်ကြရေး မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် မိုင်တိုင်(၈၂/၅)သို့ရောက်ရှိပြီး ကြည့်ရှုစစ်ဆေးရာ အင်ဂျင်နီယာမှူး ဦးစောဟန်က လမ်းတာပေါင်ချဲ့ရန် စက်ယန္တရားကြီးများဖြင့် လမ်းတာပေါင်ချဲ့ထွင်ဖောက်လုပ်နေမှုလုပ်ငန်းများကို ရှင်းလင်းပြသသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရန်နှင့် လမ်းအား စံချိန်စံညွှန်းနှင့်အမီ ပြီးစီးရေး အထူးဂရုပြုဆောင်ရွက်ကြရန် မှာကြားသည်။

ဖြည့်စွက်ရှင်းလင်း

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် မိုင်တိုင်(၈၀/၃) ကြက်မနစ်စခန်းရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းဖောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၇) ရှင်းလင်းဆောင်သို့ရောက်ရှိရာ အင်ဂျင်နီယာမှူး ဦးစောဟန်က ပြည်-ပေါက်ခေါင်း-တောင်ငူလမ်း၏ ယခင်မူလလမ်းအခြေအနေ၊ ယခု တိုးတက်ပြုပြင်နေမှုအခြေအနေ၊ မူလလမ်းဟောင်း ကျောက်လမ်းကတ္တရာခင်းခြင်း၊ လမ်းသစ် ခြောက်လက်မထု ဒု-အခြေခံ ပထမအလွှာ ကျောက်လမ်းခင်းခြင်းနှင့် မူလလမ်းဟောင်းတွင် ခပေါင်းဆည်ရှောင်လမ်း ထည့်သွင်းဖောက်လုပ်ခြင်း အခြေအနေများကို ရှင်းလင်းတင်ပြရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးစိန်မြင့်နှင့် တိုင်းမှူး ဗိုလ်ချုပ်ကိုကို တို့က လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်း တင်ပြကြသည်။

ပံ့ပိုး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လုပ်ငန်းသုံးပစ္စည်းများ အလေအလွင့်မရှိစေရေး၊ သတ်မှတ်စံချိန်စံညွှန်းပြည့်မီစေရေး၊ ပွင့်လင်းရာသီတွင် လုပ်ငန်းများပြီးစီးရေးနှင့် ရာသီမရွေး သွားလာနိုင်သည့် လမ်းဖြစ်စေရန် တိုးတက်ပြုပြင် ကြိုးပမ်းလုပ်ဆောင်သွားကြရေး မှာကြားပြီး လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်းပေးသည်။

ကြည့်ရှု

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် မိုင်တိုင်(၇၀/၅)သို့ ရောက်ရှိကြရာ စက်ယန္တရားကြီးများဖြင့် လမ်းအကျယ်ပေ ၃၀ ချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကိုလည်းကောင်း၊ မိုင်တိုင်(၃၉/၇)သို့ ရောက်ရှိကြပြီး ကတ္တရာခင်းကျင်းနေမှု လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ကြိုးပမ်း

ပြည်-ပေါက်ခေါင်း-တောင်ငူလမ်းသည် ပဲခူးတိုင်း ပြည်ခရိုင်နှင့် တောင်ငူခရိုင်အတွင်းတည်ရှိပြီး ရန်ကုန်-ပြည်-မကွေးကားလမ်း မိုင်တိုင်(၁၈၂/၃) တာဂွကျေးရွာရှိ မိုင်တိုင်(၀/၀)မှစတင်၍ ပဲခူးရိုးမကိုဖြတ်လျက် ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်(၁၆၆) အုတ်တွင်းမြို့၌ လမ်းဆုံးဖြစ်သည်။

ပြည်-ပေါက်ခေါင်း-တောင်ငူလမ်း မူလလမ်းဟောင်းအရှည်မှာ ၁၀၉ မိုင် သုံးဖာလုံဖြစ်ပြီး ခပေါင်းဆည်ရှောင်လမ်းမှာ ၃၈ မိုင် ခုနစ်ဖာလုံရှိသဖြင့် ယခု လမ်းတိုးတက်ပြုပြင်မှုတွင် လမ်းအရှည် ၁၅ မိုင်ခန့် ပိုမိုလာကာ လက်ရှိ ပြည်-ပေါက်ခေါင်း-တောင်ငူလမ်းအရှည်မှာ ၁၂၄ မိုင် နှစ်ဖာလုံဖြစ်သည်။ မူလလမ်းဟောင်းကတ္တရာခင်းခြင်း၊ ပြုပြင်ခြင်း၊ မြေသားလမ်းသစ်ချဲ့ခြင်း၊ ကျောက်ခင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ လက်ရှိလမ်းအခြေအနေမှာ ကတ္တရာလမ်း ၅၃ မိုင် တစ်ဖာလုံ၊ ကျောက်လမ်း ၆၆ မိုင် ခြောက်ဖာလုံ၊ မြေလမ်း လေးမိုင် သုံးဖာလုံဖြစ်ပြီး လမ်းတစ်ခုလုံးကို မိုးမကျမီ ပွင့်လင်းရာသီအတွင်း ကတ္တရာ မိုင် ၆၀ ခင်းခြင်းနှင့် ကျောက်ခင်းခြင်း ၆၄ မိုင်ကျော်ကို အချိန်မီပြီးစီးနိုင်ရေး တာဝန်ရှိသူများက ဆက်လက်ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ဆက်လက်ထွက်ခွာလာကြပြီး လမ်းဘေးဝဲယာရှိ ပေါက်ခေါင်းနှင့် ပြည်မြို့နယ်များမှ နွေးစပါးစိုက်ခင်းများကို မော်တော်ယာဉ်ပေါ်မှ ကြည့်ရှုစစ်ဆေးကာ ပြည်မြို့သို့ ရောက်ရှိကြသည်။ **(သတင်းစဉ်)**

ကမ္ဘာ့ ကျန်းမာရေးနေ့

၂၀၀၇ ခုနှစ် ဧပြီ ၇ ရက်

WORLD HEALTH DAY

7-4-2007

အနာဂတ်ဘဝလုံခြုံဖို့ ကျန်းမာရေးအတွက် ရင်းနှီးစို့

"Invest in health, build a safer future"

ကျန်းမာရေးဝန်ကြီးဌာန

● ကျောဖုံးမှ

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် နံနက် ၇ နာရီ ၄၅ မိနစ်တွင် ကော့ကရိတ်မြို့၌ ကျင်းပသော ကော့ကရိတ်မြို့နယ် ခြံစည်းရိုးကြက်ဆူပျိုးပွဲတော်သို့ ရောက်ရှိပြီး ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ကော့ကရိတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ဝင်းနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့တို့မှ ကိုယ်စားလှယ်များအား ခြံစည်းရိုးကြက်ဆူအစေ့နှင့် ပျိုးကိုင်းများကို ပေးအပ်သည်။

ပျိုးထောင်စိုက်ပျိုးပေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ခြံစည်းရိုးကြက်ဆူအကိုင်းနှင့် အစေ့ပျိုးများကို ပျိုးထောင်စိုက်ပျိုးပေးသည်။

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည်လည်း ခြံစည်းရိုးကြက်ဆူအကိုင်းနှင့် အစေ့ပျိုးများကို ပျိုးထောင်ပေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ခြံစည်းရိုးကြက်ဆူပျိုးထောင်ပွဲတွင် ပါဝင်ပျိုးထောင်ကြသော ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် ကော့ကရိတ်မြို့ရှိ ခရိုင်ပြည်သူ့ဆေးရုံ ခုတင် ၁၀၀ သို့ရောက်ရှိကြရာ ရှေးဦးစွာ ဆောက်လုပ်ဆဲ ဆေးရုံအဆောက်အအုံ ပင်မဆောင်၌ တည်ဆောက်ရေးတာဝန်ခံ ဟုန်းတောက်ဆောက်လုပ်ရေးအဖွဲ့မှ ဒါရိုက်တာ ဦးအောင်မိုးကျော်က ကော့ကရိတ်ခရိုင် ပြည်သူ့ဆေးရုံ ခုတင် ၁၀၀ အဆောက်အအုံသစ်နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ပြုစုစောင့်ရှောက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ဆေးရုံအဆောက်အအုံသစ်ကို လုပ်ငန်းလိုအပ်မည့် အခန်းဖွဲ့စည်းမှုနှင့် လိုအပ်ချက်များ ပြည့်စုံအောင် ဆောင်ရွက်သွားရေး၊ အချိန်မီပြီးစီးရေးတို့ကို တာဝန်ရှိသူများအား မှာကြားသည်။

တွေ့ဆုံ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် ကော့ကရိတ်မြို့ မြို့နယ်ခန်းမသို့ သွားရောက်၍ ကော့ကရိတ်ခရိုင်နှင့် မြဝတီခရိုင်တို့မှ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ မြို့နယ်နှင့် ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ တိုင်းရင်းသား ပြည်သူများနှင့် တွေ့ဆုံသည်။

တင်ပြ

ရှေးဦးစွာ ကော့ကရိတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ဝင်းက ကော့ကရိတ်ခရိုင်၏ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ စိုက်ပျိုးရေးဆောင်ရွက်နိုင်မှု အခြေအနေများ၊ ခြံစည်းရိုးကြက်ဆူ စိုက်ပျိုးပြီးစီးမှုအခြေအနေနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြဝတီခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ရွှေညွန့်က မြဝတီခရိုင်၏ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ စိုက်ပျိုးရေးဆောင်ရွက်နိုင်မှု အခြေအနေများ၊ ရော်ဘာနှင့် ခြံစည်းရိုးကြက်ဆူ စိုက်ပျိုးပြီးစီးမှုအခြေအနေများ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

စင်ကာပူနိုင်ငံခြားရေးဝန်ကြီးနှင့် အဖွဲ့အား နေပြည်တော်တည်ဆောက်ရေးလုပ်ငန်းများ ရှင်းလင်း

နေပြည်တော် ဧပြီ ၃

နေပြည်တော်၌ ရောက်ရှိနေသော စင်ကာပူသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E.Mr. George Yeo နှင့်အဖွဲ့သည် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Robert Chua နှင့် သံရုံးအဖွဲ့ဝင်များ လိုက်ပါလျက် ယနေ့နံနက် ၁၀ နာရီ ၄၅ မိနစ်က နေပြည်တော် မြို့တော်ခန်းမသို့ ရောက်ရှိကြရာ နေပြည်တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဗိုလ်မှူးကြီးထွန်းကြည်နှင့် ကော်မတီဝင်၊ ဌာနမှူးများက ကြိုဆိုကြသည်။

အမှတ်တရ လက်ဆောင်

စင်ကာပူသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E.Mr. George Yeo အား နေပြည်တော် စည်ပင်သာယာရေး ကော်မတီ အတွင်းရေးမှူး ဗိုလ်မှူးကြီးထွန်းကြည် နေပြည်တော် မြို့တော်ခန်းမဓာတ်ပုံကို အမှတ်တရလက်ဆောင်အဖြစ် ပေးအပ်စဉ်။ (သတင်းစဉ်)

ဖြေကြား

ထို့နောက် မြို့တော်ခန်းမ ပထမထပ်ရှိ ခန်းမဆောင်၌ နေပြည်တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဗိုလ်မှူးကြီးထွန်းကြည်က နေပြည်တော် တည်နေရာနှင့် အကျယ်အဝန်း ရုံးဌာနများ၊ ဝန်ထမ်းအိမ်ရာများနှင့် အဆင့်မြင့်ဈေးများ၊ ဟိုတယ်ဇုန်၊ မြို့တော်ခန်းမ၊ လဟာပြင်ကဇာတ်ရုံ တည်ဆောက်ပြီးစီးမှုအခြေအနေများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ လမ်းဆုံအဝိုင်းများ၊ တံတားများ၊ ဂေါက်ကွင်းများနှင့် လမ်းမကြီးများ တစ်လမ်းနှင့် တစ်လမ်း ဆက်စပ်ဖောက်လုပ်နေမှု အခြေအနေတို့နှင့်စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းပြီး ဧည့်သည်တော်ဝန်ကြီး၏ မေးမြန်းချက်များကို ဖြေကြားသည်။

လက်မှတ်ရေးထိုး

ယင်းနောက် စင်ကာပူသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးသည် ဧည့်သည်တော် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။

ပေးအပ်

ဆက်လက်၍ စင်ကာပူသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E .Mr. George Yeo အား နေပြည်တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဗိုလ်မှူးကြီးထွန်းကြည်က အမှတ်တရလက်ဆောင်အဖြစ် နေပြည်တော် မြို့တော်ခန်းမ ဓာတ်ပုံကို ပေးအပ်သည်။

ထွက်ခွာ

ထို့နောက် စင်ကာပူသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. George Yeo နှင့် အဖွဲ့ဝင်များသည် နေပြည်တော် မြို့တော်ခန်းမမှ ပြန်လည် ထွက်ခွာသွားကြသည်။ **(သတင်းစဉ်)**

စည်းရုံးဆောင်ရွက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက အမှာစကားပြောကြားရာတွင် ယခုအခါ ကရင်ပြည်နယ်သည် အေးချမ်းသာယာပြီး တရားဥပဒေစိုးမိုးမှုလည်းရှိလာကာ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို လုပ်ဆောင်နိုင်ပြီဖြစ်၍ မကြာမီ ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဒေသခံ တိုင်းရင်းသားပြည်သူများကပါ ဝိုင်းဝန်း စည်းရုံးဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း မှာကြားပြီး ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် ကော့ကရိတ်တပ်နယ်ခန်းမ၌ ကော့ကရိတ်တပ်နယ်နှင့် ကျုံဒိုး တပ်နယ်တို့မှ တပ်မတော်အရာရှိ၊ အရာခံ၊ အကြပ်စစ်သည်နှင့် မိသားစုဝင်များအား သွားရောက်တွေ့ဆုံ၍ လိုအပ်သည်များကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကော့ကရိတ်မြို့မှ ကော့ကရိတ်-အိန္ဒူ-ဘားအံကားလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ဒေသဖွံ့ဖြိုးတိုးတက်လာမှု အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ ဘားအံမြို့နယ် ဂျိုင်းကျေးရွာရှိ ဂျိုင်းမြစ်ရေတင်လုပ်ငန်းသို့ ရောက်ရှိကြသည်။

တိုးတက်စိုက်ပျိုးနိုင်

ထို့နောက် ဂျိုင်းမြစ်ရေတင်လုပ်ငန်း ရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များအား လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးလွင်က ဂျိုင်းမြစ်မှရေကို ဇင်ဇင်းအင်ဂျင်ငါးလုံးဖြင့် လယ်ဧက ၈၀၀ ကို စိုက်ပျိုးရေပေးဝေနေမှုအခြေအနေများကို လည်းကောင်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ကရင်ပြည်နယ် မန်နေဂျာ ဦးအေးသိန်းက ကရင်ပြည်နယ်အနေဖြင့် ၂၀၀၆-၂၀၀၇ ခုနှစ်တွင် မိုးစပါးဧက ၅၀၀၀၀ စိုက်ပျိုးရန် လျာထားချက်အပေါ် ၅၁၆၄၇၆ ဧကအထိ တိုးတက်စိုက်ပျိုးနိုင်မှုအခြေအနေနှင့် အဓိကသီးနှံ ၁၀ မျိုး စိုက်ပျိုးနိုင်မှုအခြေအနေ၊ ဒေသဆန်ဖူလုံမှု၊ ဆီဖူလုံမှုအခြေအနေများကို အသီးသီးရှင်းလင်း တင်ပြကြသည်။

လျာထားချက်ကျော်အောင်စိုက်ပျိုး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ဂျိုင်းမြစ်မှ ရေကို ပင်မမြောင်းသို့ စုပ်တင်နေမှုအခြေအနေနှင့် မြစ်ရေတင်ဖြင့် မနောသုခ စပါးမျိုး ရှစ်ဧကစိုက်ပျိုးထားသော တောင်သူဦးကြွယ်၏ စပါးစိုက်ခင်း၌ စပါးများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ကရင်ပြည်နယ်တစ်ခုလုံး စပါးစိုက်ဧက မူလလျာထားဧက ငါးသိန်းထက်ကျော်လွန်အောင် စိုက်ပျိုးသွားရန် သက်ဆိုင်ရာ တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ဒေသခံ တိုင်းရင်းသားပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

လှည့်လည်ကြည့်ရှု

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြပြီး ဂျိုင်းမြစ်ရေတင်လုပ်ငန်းဖြင့် စပါးများ အောင်မြင်ဖြစ်ထွန်းစွာ စိုက်ပျိုးထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

လိုအပ်သည်များမှာကြား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၁ နာရီခွဲတွင် ဘားအံမြို့ရှိ အမှတ်(၂) တပ်မတော်ဆေးရုံ ခုတင် ၁၀၀ သို့ ရောက်ရှိကြပြီး အထူးကုသဆောင်၊ လူနာဆောင်များ၊ ခွဲစိတ်ကုသဆောင်၊ အဆုတ်နာရောဂါကုသဆောင်နှင့် တပ်မတော် မိသားစုဝင်များ၏ မွေးလူနာကုသဆောင်နှင့် အထွေထွေရောဂါကုသဆောင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။ **(သတင်းစဉ်)**

ပြည်တွင်းအားကစားသတင်းအတိုအထွာ

နွေရာသီကရာတေးဒိုလျှပ်တစ်ပြက်ပြိုင်ပွဲ

မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်က ကြီးမှူး၍ နွေရာသီ ကရာတေးဒိုလျှပ်တစ်ပြက်ပြိုင်ပွဲများကို ဧပြီ ၃ ရက် နံနက် ၇ နာရီက အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် လေ့ကျင့်ရေးကွင်းတွင် ကျင်းပရာ အောင်ဆန်းအားကစားပြိုင်ဝင်း လေ့ကျင့်ရေးစခန်း၊ အလက(၂) ဒဂုံ၊ အထက(၃) အလုံနှင့် အထက(၁)တို့မှ သင်တန်းသား ၂၄၂ ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး ဆုချီးမြှင့်ပွဲကို ဧပြီ ၅ ရက် နံနက် ၈ နာရီ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ထိုင်းဘုရင့်ဖလား လက်ဝှေ့ပြိုင်ပွဲ မြန်မာ ပါဝင်ဆင်နွှဲမည်

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ဧပြီ ၄ ရက်မှ ၁၁ ရက်အထိ ကျင်းပမည့် ထိုင်းဘုရင့်ဖလား လက်ဝှေ့ပြိုင်ပွဲ မြန်မာအဖွဲ့ ပါဝင်ဆင်နွှဲမည်ဖြစ်ရာ အုပ်ချုပ်သူအဖြစ် မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ် အတွင်းရေးမှူး ဦးစန်းမြင့်ကလည်းကောင်း၊ နည်းပြအဖြစ် တပ်ကြပ်ကြီးစိုးစိုး(မြန်မာနိုင်ငံရဲတပ်ဖွဲ့)က လိုက်ပါဆောင်ရွက်မည်ဖြစ်ပြီး အားကစားသမားများမှာ လိုက်ဖလိုင်းဝိတ်တန်းတွင် ဇော်မျိုးမင်း(ပြည်ထဲရေး)၊ ဖလိုင်းဝိတ်တန်းတွင် ကျော်စွာအောင် (လယ်ယာ/ဆည်မြောင်း)၊ ဖယ်သာဝိတ်တန်းတွင် ရန်နောင်စိုး (လယ်ယာ/ဆည်မြောင်း)နှင့် လိုက်ဝိတ်တန်းပြိုင်ပွဲတွင် စိုးရာဇာ(မြို့တော်စည်ပင်)တို့ ပါဝင်ယှဉ်ပြိုင်ကြမည် ဖြစ်သည်။

နွေရာသီအဆင့်မြင့်အားကစားသင်တန်း

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနက ကြီးမှူး၍ ဧပြီ ၂၃ ရက်မှ မေ ၁၈ ရက်အထိ နွေရာသီ အားကစားအဆင့်မြင့်သင်တန်း ၁၈ ခု ဖွင့်လှစ်သွားမည်ဖြစ်ရာ ဟော်ကီ၊ သိုင်း၊ တင်းနစ်၊ ဝူရှူး၊ လက်ဝှေ့၊ မြားပစ်၊ ပြေးခုန်ပစ်၊ ကရာတေးဒို၊ ခရစ်ကတ်၊ အေရိုးဗစ်၊ ခြင်းလုံး၊ စားပွဲတင်တင်းနစ်၊ ဘော့စ်ဘော၊ ကာယဗလနှင့် ကာယအလှ၊ တိုက်ကွမ်ဒို၊ ကြက်တောင်၊ ဘောလုံးနှင့် ကျွမ်းဘားအားကစားနည်းများ ပါဝင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ဂျပန်နှင့် တောင်ကိုရီးယား ဆက်ဆံရေးတိုးမြှင့်ရန် နိုင်ငံခြားရေးဝန်ကြီးများ တွေ့ဆုံဆွေးနွေး

ဆိုးလ် ဧပြီ ၃

နှစ်နိုင်ငံအကြား ဆက်ဆံရေး အပြန်အလှန် တိုးတက်ကောင်းမွန်ရေးအတွက် ဆောင်ရွက်ကြရန် တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံခြားရေးဝန်ကြီးနှစ်ဦးတို့က နှစ်ရက်ကြာဆွေးနွေးပွဲ၌ သဘောတူညီမှုရရှိခဲ့ကြသည်။

နိုင်ငံခြားရေး ဝန်ကြီး နှစ်ဦး၏ ဆွေးနွေးပွဲကို တောင်ကိုရီးယားနိုင်ငံ တောင်ပိုင်း ဂျီဆုကျွန်းတွင် ကျင်းပခဲ့ကြခြင်းဖြစ်ပြီး တောင်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီး ဆောင်မင်ဆွန်းနှင့် ဂျပန်နိုင်ငံခြားရေးဝန်ကြီး တာရိုအာဆိုတို့က ကိုရီးယား ကျွန်းဆွယ်တွင် နျူကလီးယား ကင်းစင်ရေး ကိစ္စအပေါ်လည်း ဆွေးနွေးခဲ့ကြသည်။ တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့ အဆင့်မြင့်ဆွေးနွေးပွဲတစ်ရပ်ကို လာမည့်မေလ၌ ဆက်လက် ကျင်းပပြုလုပ်ရန်လည်း နှစ်နိုင်ငံစလုံးမှ သဘောတူညီခဲ့ကြသည်ဟု တောင်ကိုရီးယား နိုင်ငံခြားရေး ဝန်ကြီးဌာနမှ အရာရှိတစ်ဦးဖြစ်သူ ကင်ဂျေရှုန်က ပြောကြားသည်။

အပြန်အလှန်

ဆွေးနွေးပွဲ၌ လာမည့်ငါးနှစ်အတွင်း တောင်ကိုရီးယားကျောင်းသား ၁၀၀၀၀တို့အား ဂျပန်နိုင်ငံသို့ နှစ်စဉ်ဖိတ်ခေါ်ကာ အပြန်အလှန် လေ့လာသင်ကြားမှု အစီအစဉ်များပြုလုပ်သွားရန်လည်း ဂျပန်နိုင်ငံက ကတိပြုခဲ့သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဟွန်ဒါ ဆိုင်ကယ်စက်ရုံ

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ရှိ ဟွန်ဒါမော်တော်ဆိုင်ကယ် ထုတ်လုပ်ရေး စက်ရုံတစ်ရုံ၏လုပ်ငန်းခွင်ကို ဧပြီ ၁ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ရုရှားသမ္မတ ဗလာဒီမာပူတင် တတိယ သမ္မတသက်တမ်းအတွက် ကြံရွယ်ချက်မရှိ

မော်စကို ဧပြီ ၃

ရုရှားသမ္မတ ဗလာဒီမာပူတင် သမ္မတသက်တမ်းကြာရှည်စွာ နေနိုင်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ကို ပြောင်းလဲသွားရန် ထိပ်တန်းရုရှားလွှတ်တော်အမတ်တစ်ဦးက တင်ပြလာသည်။



ရုရှားသမ္မတဗလာဒီမာပူတင်။

သို့စေကာမူ ထိုအခြေခံဥပဒေကို ပြောင်းလဲ လိမ့်မည်မဟုတ်ကြောင်း မစ္စတာပူတင်က ပြောကြားခဲ့သည်ကို ကရင်မလင်ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

တိုးချဲ့သင့်

ယင်းမှာလက်ရှိသမ္မတသက်တမ်းလေးနှစ်အစား ငါးနှစ်သို့မဟုတ် ခုနစ်နှစ်အထိ တိုးချဲ့သင့်ကြောင်း ဖက်ဒရေးရှင်းကောင်စီ လွှတ်တော်အမတ် ဆာဂျီမီရိုနော့ဗ်က ပြောကြားလိုက်သည်။

ကန့်သတ်ခြင်း

၎င်းအမတ်က ရုရှားသမ္မတသက်တမ်း နှစ်ကြိမ်ကန့်သတ်ထားခြင်းကိုလည်း ဆန့်ကျင်ကန့်သတ်ရန် တိုက်တွန်းလိုက်သည်။

လက်ရှိစည်းမျဉ်းဥပဒေအရ မစ္စတာပူတင်သည် သမ္မတသက်တမ်း နှစ်ကြိမ်တာဝန်ထမ်းဆောင်ပြီးနောက် ၂၀၀၈ခုနှစ်တွင် ရာထူးမှဆင်းရမည် ဖြစ်သည်။

အမျိုးမျိုးသော နိုင်ငံရေးအဖွဲ့အစည်းများက မစ္စတာပူတင်အား သမ္မတသက်တမ်းတိုးချဲ့ရန် တိုက်တွန်းမှုများရှိသော်လည်း ၎င်းအနေဖြင့် တတိယ သမ္မတသက်တမ်းအတွက် ကြံရွယ်ချက်မရှိဟု ကရင်မလင် ပြောရေးဆိုခွင့်ရှိသူ ဒီမစ်ထရီပက် စကော့ဗ်က အေပီသတင်းဌာနသို့ ပြောကြားလိုက်သည်။ **(အင်တာနက်)**

ဂျော်ဒန်၌ ရက္ခဥယျာဉ် တည်ဆောက်မည်

အမ္မာန် ဧပြီ ၃

ဇီဝမျိုးကွဲများ ပျက်စီးပျောက်ကွယ်မှု မရှိစေရေးအတွက် ထိန်းသိမ်းမှု တစ်ရပ်အဖြစ် ဂျော်ဒန်နိုင်ငံ ဂျယ်လ်အယ်လ်ဂူမန် အရပ်၌ ရက္ခဥယျာဉ်ကြီး တစ်ခု တည်ဆောက်သွားရန် စီစဉ်နေကြောင်း ဂျော်ဒန်နိုင်ငံထုတ်သတင်းစာက မတ်၃၀ရက်၌ ဖော်ပြထားသည်။

တည်ရှိရန်

ထိုသို့ ရက္ခဥယျာဉ်ကြီးကို တည်ဆောက်ခြင်းမှာ ဇီဝမျိုးကွဲများဆိုင်ရာ အသိပညာများ ကျယ်ကျယ်ပြန့်ပြန့် သိရှိရန် သုတေသနပြု လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်ကမ္ဘာလှည့် ခရီးသည်များအား ဆွဲဆောင်နိုင်ရန်နှင့် ဇီဝမျိုးကွဲများဆိုင်ရာ ဗဟိုဌာနအဖြစ် တည်ရှိရန် ဟူသောရည်ရွယ်ချက်များဖြင့်ဆောင်ရွက်ခြင်းလည်း ဖြစ်သည်။

ပြုစုပျိုးထောင်

အဆိုပါ ရက္ခဥယျာဉ်ကြီးကို နှစ်နှစ်အတွင်း အပြီးတည်ဆောက်နိုင်ရန် ရည်ရွယ်ထားပြီး အကျယ်အဝန်းမှာ ဧက ၄၅၀ခန့်ရှိသည်။ ၎င်းရက္ခဥယျာဉ်ကြီးတွင် ဇီဝမျိုးကွဲများ၊ အပင်များ၊ ပရဆေးပင်များလည်း ပြုစုပျိုးထောင်စိုက်ပျိုးထားမည်ဖြစ်သည်။

ဂျော်ဒန်နိုင်ငံသည် ဇီဝမျိုးကွဲပေါင်း ၂၀၀၀ကျော်ရှိပြီး ဇီဝမျိုးကွဲများ ကြွယ်ဝသော နိုင်ငံတစ်နိုင်ငံလည်းဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

တောင်ကိုရီးယားပို့ကုန်မြင့်တက်

ဆိုးလ် ဧပြီ ၃

တောင်ကိုရီးယားနိုင်ငံ၏ ပို့ကုန်တင်ပို့မှုသည် မတ်လတွင် အမေရိကန်ဒေါ်လာ ၃၀ဒသမ၂ဘီလီယံအထိ ရောက်ရှိလာရာ ၁၄ ရာခိုင်နှုန်း မြင့်တက်လာကြောင်း တောင်ကိုရီးယား ကူးသန်းရောင်းဝယ်ရေးနှင့် စွမ်းအင်ဝန်ကြီးဌာနက ဧပြီ ၁ ရက်က ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ပထမဆုံးခရီးသည်တင် လေယာဉ် တရုတ် စတင်ထုတ်လုပ်

ရှန်ဟိုင်း ဧပြီ ၃

တရုတ်နိုင်ငံ၏ ပထမဆုံးသော ထိုင်ခုံ ၉၀ ပါ အေအာရ်ဂျေ-၂၁ အမည်ရှိ ခရီးသည်တင် ဂျက်လေယာဉ်တစ်စင်းကို မတ် ၃၀ရက်နံနက်ပိုင်းက ရှန်ဟိုင်းမြို့ရှိ လေယာဉ်တပ်ဆင်ထုတ်လုပ်ရေးအလုပ်ရုံ၌ စတင်ထုတ်လုပ်နေပြီဖြစ်ရာ ယင်းမှာ ယခုနှစ်ကုန်ပိုင်း၌ ပြီးဆုံးရန် မျှော်လင့်ထားသည်ဟု ဆိုသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ရှားပါးငှက်များ နီပေါလေဆိပ်၌ သုတ်သင်

ခတ္တမန္ဒူ ဧပြီ ၃

နီပေါနိုင်ငံ ထရစ်ဘူဗန်လေဆိပ်၌ မှောင်ခိုတင်သွင်းလာသော ကြက်တူရွေး အပါအဝင် ရှားပါငှက်၂၄၅ကောင်ကို ဒေသအာဏာပိုင်များက ကြက်ငှက်တုပ်ကွေး ထိန်းချုပ်နိုင်ရန်အတွက် သုတ်သင်မြေမြှုပ်လိုက်ကြောင်း ဟိမဝန္တာတိုင်းမ်သတင်းစာက ရေးသားဖော်ပြလိုက်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

မလေးရှား အနံ့ခံခွေးနှစ်ကောင် ခိုးကူး ဒီဗီဒီခွေများ အနံ့ခံရှာဖွေ

ကွာလာလမ်ပူ ဧပြီ ၃

ဒီဗီဒီခိုးကူးခွေများကို အနံ့ခံရှာဖွေရန် လေ့ကျင့်ပေးထားသော အနံ့ခံ မလေးရှား ခွေးနှစ်ကောင်သည် အမေရိကန်ဒေါ်လာ ၄၃၀၀၀၀ တန်ဖိုးရှိ ဒုတိယ အများဆုံး ခိုးကူးခွေများကို အနံ့ခံရှာဖွေဖော်ထုတ်နိုင်ခဲ့ကြောင်း ဧပြီ ၁ရက်က ဒေသထုတ်သတင်းစာတစ်စောင်၌ ရေးသားဖော်ပြသည်။

အမ်အင်န်အေ၊ရိုက်တာ

ပေကျင်းနှင့် ဆန်ဖရန်စစ္စကို အကြား ခရီးသည်တင်လေယာဉ် နေ့စဉ်ပျံသန်းပြီ

ပေကျင်း ဧပြီ ၃

တရုတ်နိုင်ငံ၏အကြီးဆုံး အပြည်ပြည်ဆိုင်ရာ လေကြောင်းတစ်ခု ဖြစ်သော အဲချိုင်းနားသည် တရုတ်နိုင်ငံ ပေကျင်းမြို့နှင့် အမေရိကန်နိုင်ငံ ဆန်ဖရန်စစ္စကိုမြို့အကြား သီတင်းတစ်ပတ်လျှင် ငါးရက် ပျံသန်းနေမှုအစား နေ့စဉ်ပျံသန်းမှုကို ဧပြီ ၁ ရက်မှ စတင်ပျံသန်းနေပြီ ဖြစ်သည်။

များပြားလာ

ထို့အပြင် တနင်္လာနေ့နှင့် ဗုဒ္ဓဟူးနေ့တိုင်းတွင် လေယာဉ်ပျံသန်းမှုနှစ်ကြိမ်စီ တိုးမြှင့်ပျံသန်းပေးမည်ဖြစ်ရာ ယင်းမှာအဆိုပါခရီးစဉ်မှ ခရီးသွားများ၏ ဆန္ဒကြောင့်ဖြစ်ကြောင်း ခရီးသည်အရေအတွက် များပြားလာကြောင်းလည်း အဲချိုင်းနား လေကြောင်းလိုင်းက ပြောကြားသည်။

ထွက်ခွာ

အဲချိုင်းနား၏ စီအေ-၉၈၅ လေယာဉ်သည် တရုတ်စံတော်ချိန် နေ့စဉ်ညနေ ၃ နာရီ ခွဲ၌ ပေကျင်း လေဆိပ်မှ ထွက်ခွာပြီး ဆန်ဖရန်စစ္စကို လေဆိပ်သို့ ဒေသစံတော်ချိန် ည ၁၂နာရီ ၁၀မိနစ်၌ ရောက်ရှိမည်ဖြစ်သည်။

ဆိုက်ရောက်မည်

ထို့အတူ စီအေ-၉၈၆ လေယာဉ်သည် ဆန်ဖရန်စစ္စကို လေဆိပ်မှ နေ့စဉ် မွန်းလွဲ ၂ နာရီ မိနစ် ၂၀ ၌ ထွက်ခွာပြီး ပေကျင်းမြို့သို့ နောက်နေ့ ညနေ ၅ နာရီ ၅ မိနစ်၌ ဆိုက်ရောက်မည်ဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

တရုတ်နိုင်ငံအရှေ့ပိုင်း ရှန်ဒေါင်းပြည်နယ် ကျိနန်မြို့ မူလတန်းကျောင်းတစ်ကျောင်း၌ ကလေးများ ပန်းပုရုပ်ပုံစာအုပ်ကြီးတွင် ရေးသားထားသော စာများဖတ်နေကြသည်ကို ဧပြီ ၂ရက်ကတွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)



တောင်ကိုရီးယား၌ သံမဏိထုတ်ကုန်များ ဈေးနှုန်းတိုးမြှင့်

ဆိုးလ် ဧပြီ ၃

တောင်ကိုရီးယားနိုင်ငံ၏ အကြီးဆုံးသံမဏိထုတ်လုပ်သည့် ပိုစကိုလုပ်ငန်းက သံမဏိထုတ်ကုန်အချို့အပေါ်တွင် ဈေးနှုန်းပြောင်းလဲသတ်မှတ်မည်ဖြစ်ရာ ၎င်းဈေးနှုန်းတိုးမြှင့်မှုကို ဧပြီ ၁၉ရက်မှ စတင်ပြုလုပ်မည်ဖြစ်ကြောင်း ပိုစကိုလုပ်ငန်းမှ ဧပြီ ၁ ရက်၌ ပြောကြားသည်။

သင်္ဘောတည်ဆောက်ရေးလုပ်ငန်းအတွက် အသုံးပြုသော သံမဏိပြားကြီးများ၏ ဈေးနှုန်းကို ၃ဒသမ၃ ရာခိုင်နှုန်း တိုးတက်လိုက်ပြီး အီလက်ထရစ်ဆိုင်ရာ သံမဏိပစ္စည်းများ ဈေးနှုန်းကိုလည်း ၇ဒသမ၁ ရာခိုင်နှုန်းသို့ တိုးမြှင့်သတ်မှတ်လိုက်ကြောင်း ပိုစကိုလုပ်ငန်းက ပြောကြားသည်။

ထို့သို့ ဈေးနှုန်းများ တိုးမြှင့်လာရခြင်းမှာ ယခုနှစ်အတွင်း ကုန်ကြမ်းဈေးနှုန်းများ မြင့်မားလာခြင်းဖြစ်ပြီး ပြည်တွင်းဝယ်လိုအားကောင်းမွန်မှုမှာ ဆက်လက်ဖြစ်ပေါ်နေမည်သာ ဖြစ်ကြောင်း ပိုစကိုက ပြောကြားသည်။

တောင်ကိုရီးယားရှိ ပိုစကိုသံမဏိလုပ်ငန်းသည် ကမ္ဘာပေါ်တွင် တတိယအကြီးဆုံး သံမဏိလုပ်ငန်းတစ်ခုဖြစ်ပြီး ယခုနှစ်ပထမသုံးလတွင် ၎င်းလုပ်ငန်း၏ အစုရှယ်ယာများလည်း တိုးမြှင့်သွားခဲ့သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

လက်ဘနွန်မှ ကုလသမဂ္ဂတပ်၏ အခန်းကဏ္ဍ ကုလအတွင်းရေးမှူးချုပ် ဘန်ကီမွန်းချီးကျူး

ဘေရွတ် ဧပြီ ၃

လက်ဘနွန်ရှိ ကုလသမဂ္ဂတပ် (ယူနီဖီးလ်)၏ အခန်းကဏ္ဍမှာ အထူးသဖြင့် လက်ဘနွန်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂ ဆုံးဖြတ်ချက် အကောင်အထည်ဖော်ရေးကဏ္ဍမှာ လွန်စွာအရေးကြီးကြောင်း လက်ဘနွန်သို့ ရောက်ရှိနေသည့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ပြောကြားလိုက်သည်။

လက်ဘနွန်နိုင်ငံတောင်ပိုင်းရှိ ကုလသမဂ္ဂငြိမ်းချမ်းရေး ထိန်းသိမ်းမှုတပ်များ ဌာနချုပ်သို့ ဧပြီ ၁ ရက်က သွားရောက်စဉ် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ယင်းသို့ပြောကြားလိုက်ခြင်း ဖြစ်သည်။

ဂုဏ်ယူဝမ်းမြောက်

ယူနီဖီးလ်က လက်ဘနွန်နိုင်ငံ၏ အချုပ်အခြာအာဏာ၊ လုံခြုံရေးနှင့် တည်ငြိမ်ရေးကို အထောက်အကူပြု ဆောင်ရွက်ခြင်းအတွက် ယင်းလုပ်ငန်းအပေါ် ဂုဏ်ယူဝမ်းမြောက်ကြောင်း အတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ပြောကြားသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အတွက် ၁၇၀၁ အကောင်အထည်ဖော်ရေးအတွက် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းသည် ယူနီဖီးလ် တပ်မှူးများနှင့် တံခါးပိတ် စည်းဝေးကြောင်း ဆင်ဟွာက ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဗြိတိန် ဆေးရုံတစ်ရုံ၌ အပြင်းစား ဖျားနာရောဂါဖြစ်ပွား

လန်ဒန် ဧပြီ ၃

ဗြိတိသျှ ဆေးရုံတစ်ရုံတွင် အပြင်းစားဖျားနာရောဂါ ကူးစက်ပြီးနောက် လူနာ ၁၇ ဦးသေဆုံးခဲ့ကြောင်း ယင်းဆေးရုံက မတ် ၃၁ ရက်၌ ထုတ်ဖော်ပြောကြားခဲ့သည်။

အသက်ကြီးသူ လူနာအများစုသည် ပြန့်ပွားစေသည့် ကူးစက်ဖျားနာဖြစ်ပွားပြီးနောက် ၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ မတ် ၂၈ ရက် အတွင်း သေဆုံးခဲ့ကြကြောင်း ဂျိမ်းစ်ပါဂတ်တက္ကသိုလ်ဆေးရုံက ပြောကြားသည်။

အဆိုပါ ကူးစက်ရောဂါကြောင့် နောက် ထပ်လူနာ ၁၆ ဦးကို ဆေးဝါးကုသခဲ့ရကြောင်း၊ လူနာငါးဦးသည် အူမကြီးခွဲစိတ် ကုသမှု ပြုလုပ်ခဲ့ရပြီး ၁၁ ဦးသည် လောလောဆယ်တွင် ရောဂါပုံစံအမျိုးမျိုးကြောင့် ဆေးကုသမှုခံရသည်။

ယင်းရောဂါသည် လွန်ခဲ့သည့်နှစ် ဒီဇင်ဘာလကတည်းက ဖြစ်ပွားမှုများပြားလာကြောင်း ဆေးရုံအကြီးအကဲများက ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ



အပြည်ပြည်ဆိုင်ရာ ကလေးများ စာဖတ်ပွဲနေ့ အထိမ်းအမှတ်အဖြစ် တရုတ်နိုင်ငံ ယန်ချန်းပြည်နယ်၌ မူလတန်းကျောင်းတွင် စာဖတ်ပွဲကျင်းပနေသည်ကို ဧပြီ ၂ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

နာမည်ကျော် မဟာတံတိုင်းကြီး မွမ်းမံထိန်းသိမ်း ပြင်ဆင်မည်

ပေကျင်း ဧပြီ ၃

၂၀၀၈ခုနှစ် ပေကျင်းအိုလံပစ် အားကစားပွဲတော်အတွက် ကြိုတင်ပြင်ဆင်မှု အစိတ်အပိုင်းတစ်ရပ်အဖြစ် ပေကျင်းမြို့ပြင်ရှိ မဟာတံတိုင်းကြီး၏ ပျက်စီးနေသော အရှည် ၂၄၅၅မီတာ အစိတ်အပိုင်းကို လာမည့်ဖွန်လမှ စတင်ကာ ပြန်လည်မွမ်းမံပြင်ဆင်မည်ဖြစ်ကြောင်း သိရသည်။

မဟာတံတိုင်းကြီး၏ ပျက်စီးနေသော နေရာအစိတ်အပိုင်းများတွင် မူလပုံစံအတိုင်း မပျက်မယွင်းအောင် အုတ်ကဲ့သို့သော အရာဝတ္ထုများဖြင့် အစားထိုး အသုံးပြု ပြင်ဆင်သွားမည်ဖြစ်ကြောင်း မဟာတံတိုင်းကြီး တည်ရှိရာ ဘာဒါလင်း အထူးနယ်မြေ စီမံအုပ်ချုပ်ရေးရုံးမှ အရာရှိတစ်ဦးဖြစ်သူ ကျန်မင်းက ပြောကြားသည်။

အသုံးပြု

ယခုပြင်ဆင်မှု ပြုလုပ်မည့်စီမံကိန်းတွင် ခေတ်သစ်တည်ဆောက်ရေး အသုံးပြုပစ္စည်းများကို သုံးစွဲမည်မဟုတ်ကြောင်း၊ သို့သော် ယခုခေတ်၌ သုံးစွဲနေကြသော ပစ္စည်းများအသုံးပြုရန် လိုအပ်လာလျှင်လည်း ရှေးဟောင်းယဉ်ကျေးမှု အနုပညာလက်ရာများ အတိုင်းသာအသုံးပြုသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အန္တရာယ်များနိုင်

မဟာတံတိုင်းကြီး၏ ပြင်ဆင်နေသည့် အစိတ်အပိုင်းနေရာအား ကမ္ဘာလှည့်ခရီးသွားများနှင့် ဧည့်သည်များကို သွားလာမှု ပိတ်ထားမည်ဖြစ်သည်။ ပြိုကျပျက်စီးနေသော အစိတ်အပိုင်းကို မပြုပြင်လျှင် အန္တရာယ်များနိုင်ကြောင်း ကျန်မင်းက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အာဖဂန်နစ္စတန်၌ မိုးသည်းထန်ပြီး ရေလွှမ်း

ကဘူးလ် ဧပြီ ၃

အာဖဂန်နစ္စတန်တွင် ရေလွှမ်းမှုဖြစ်ပွားရာ လူ ၅၀ခန့် သေဆုံးပြီး လူနေအိမ်များစွာ ပျက်စီးခဲ့ရကြောင်း ဒေသဆိုင်ရာ အရာရှိများက ဧပြီ ၁ရက်၌ ပြောကြားသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေလွှမ်းမှုဖြစ်ပေါ်ခဲ့ရာ စိုက်ပျိုးမြေဟက်တာပေါင်းများစွာ ပျက်စီးခဲ့ရပြီး ကဘူးလ်မြို့တော်အပါအဝင် နိုင်ငံဒေသအများအပြားရှိ တံတားများ ပျက်စီးသွားခဲ့ရသည်ဟု ၎င်းတို့က ပြောကြားသည်။

လူသေဆုံးမှုမှာ အာဖဂန်နစ္စတန် အလယ်ပိုင်း ဒိုင်ကွန်ဒီပြည်နယ်၊ ကရုတ်ပြည်နယ်နှင့် အခြားဒေသတို့မှ ဖြစ်ကြောင်း သိရသည်။

အမ်အင်န်အေ၊ရိုက်တာ

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ထူးခြားသည့် ကြွမျိုးစိတ်သစ်

ထူးခြားသော အသွင်သဏ္ဌာန်ဖြင့် မွေးဖွားလာသော ကြွလေးတစ်ကောင်ကို တွေ့ရစဉ်။ (အောက်ပုံ)

အဆိုပါကြွကို ဗြိတိန်နိုင်ငံ စကော့တလန်ရှိ အီဒင်ဘတ် တိရစ္ဆာန်ဥယျာဉ်၌ မကြာမီရက်များက မွေးဖွားခဲ့ခြင်းဖြစ်ပြီး ဆင်နှင့် မြင်းကျားတို့၏ ဖွဲ့စည်းမှုပုံသဏ္ဌာန်များနှင့်လည်း ဆင်တူကြောင်း သိရသည်။

(အင်တာနက်)

ထူးခြားသော သစ်ရွက်ပန်းချီ

သစ်ရွက်တစ်ရွက်ပေါ်တွင် ရေးဆွဲထားသော ပန်းချီကို ပြသစဉ်။ (အပေါ်ပုံ)

တရုတ်နိုင်ငံ အလယ်ပိုင်း ဟီနန်ပြည်နယ် ဆန်မင်စီရာမြို့တွင် နန်ဖန်အမည်ရှိ လယ်သူမကြီးတစ်ဦးက သစ်ရွက်ပေါ်၌ ပန်းချီရေးဆွဲမှုကို ထူးခြားစွာတီထွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။ သစ်ရွက်အတွင်း အသားများကို ဖယ်ရှားခြင်း၊ အရောင်ချွတ်ခြင်းနှင့် လိုအပ်သောပြုပြင်မှုများကို ပြုလုပ်ပြီးနောက်ပိုင်း သစ်ရွက်ပေါ်၌ ပန်းချီရေးဆွဲခြင်းဖြစ်သည်။ **(အင်တာနက်)**

အာဂျင်တီးနား သမိုင်းတွင် အဆိုးရွားဆုံး မုန်တိုင်းတိုက်ခတ်ပြီး မိုးများရွာသွန်း လူငါးဦးသေဆုံး

ဗျူနိုအေရီစ် ဧပြီ ၃

အာဂျင်တီးနားနိုင်ငံ၌ နိုင်ငံ့သမိုင်းတွင် အဆိုးရွားဆုံး မုန်တိုင်းတိုက်ခတ်ပြီး မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် အနည်းဆုံးလူငါးဦးသေဆုံးပြီး လူအများအပြားပျောက်ဆုံးနေကြောင်း၊ ဒေသခံပြည်သူ ၆၀၀၀၀ ခန့် အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရကြောင်း အာဂျင်တီးနားနိုင်ငံ မြို့ပြကာကွယ်ရေးအရာရှိများက မတ် ၃၀ ရက်၌ ပြောကြားသည်။

အာဂျင်တီးနားနိုင်ငံ အလယ်ပိုင်း ပြည်နယ်များဖြစ်သော ဆန်တာဖီ၊ အင်တရီရီစ်နှင့် ဗျူနိုအေရီစ်တို့တွင် မိုးရွာသွန်းမှုနှင့် မုန်တိုင်းဒဏ်ခံရမှု အဆိုးရွားဆုံးဖြစ်ကြောင်း၊ ထိုသို့ မိုးရွာသွန်းမှုနှင့် မုန်တိုင်း တိုက်ခတ်မှုများမှာ ရက်အတန်ကြာကပင် ဖြစ်ပွားခဲ့ကြောင်း သိရသည်။

မုန်တိုင်းတိုက်ခတ်မှုကြောင့် နေအိမ်အများအပြား ပျက်စီးခဲ့ရပြီး အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရမှုကြောင့် ဘေးကင်းရာနေရာများသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။ ကျန်းမာရေးဆိုင်ရာ ပြဿနာများ မဖြစ်ပွားရအောင်လည်း ဂရုစိုက်ပေးနေရကြောင်း အာဂျင်တီးနားနိုင်ငံ ကျန်းမာရေးဝန်ကြီး နက်စ်ဂွန်ဇာလက်ဂါစီရာက ပြောကြားသည်။ လေပြင်းများနှင့်မိုးများ ဆက်လက်တိုက်ခတ်ရွာသွန်းလျက်ရှိကြောင်း အာဂျင်တီးနားနိုင်ငံ မိုးလေဝသဌာနက ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အနော်ရထာမင်းတရားကြီး၏ ပုဂံရွှေနန်းတော် တည်ဆောက်ရေးလုပ်ငန်း ယဉ်ကျေးမှုဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၃

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်သည် ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနမှ တာဝန်ရှိသူများလိုက်ပါလျက် မတ် ၃၁ရက် နံနက် ၁၀နာရီက ပုဂံအနော်ရထာမင်းတရားကြီး၏ ရွှေနန်းတော် တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ တည်ဆောက်ရေး လုပ်ငန်းများနှင့်ပတ်သက်၍ ဗိသုကာ အင်ဂျင်နီယာ ဦးသော်က ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးသော လုပ်ငန်းများနှင့် ၂၀၀၇-၂၀၀၈ဘဏ္ဍာရေးနှစ်အတွက်ဆောင်ရွက်မည့် လုပ်ငန်းများဖြစ်သော ဘိသိက်ဆောင်၏ နန်းကြမ်းပြင်မှ အမိုးမိုးသည်အထိ လုပ်ငန်းများ၊ တောင်စောင်းတန်း၊ မြောက်စောင်းတန်း၊ လက်ဝဲ ပွဲတက်ဆောင်၊ လက်ယာ ပွဲတက်ဆောင်တို့၏ နေရာတွင် လုပ်ကိုင်မည့် မြေပြုပြင်ခြင်း လုပ်ငန်းများ၊ နန်းကြမ်းပြင်ခင်းခြင်း လုပ်ငန်းများ၊ ကားလမ်း၊ လူသွားလမ်း၊ စိမ်းလန်းစိုပြည်ရေး လုပ်ငန်းနှင့် ခြံစည်းရိုး လုပ်ငန်းများ၊ ရေနှင့်မီးဆက်သွယ်မှု လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

မှာကြား

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဝန်ကြီးက တောင်စောင်းတန်း၊ မြောက်စောင်းတန်း၊ လက်ဝဲပွဲတက်နှင့်လက်ယာပွဲတက်အဆောင်များကို တည်ဆောက်ခြင်း မပြုတော့သည့်အတွက် လစ်ဟာမနေစေရေးနှင့် ပတ်ဝန်းကျင်ရှိ တည်ဆောက်ပြီး အဆောက်အအုံများနှင့် လိုက်လျောမှုရှိစေရေးအတွက် မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် နန်းတော်တည်ဆောက်ရေး လုပ်ငန်းများ ပြီးစီးမှုကို ကြည့်ရှုပြီး **(အပေါ်ပုံ)** အုန်းမှူး၊ ခရာအဝါ၊ စက္ကူပန်း အဖြူများ စိုက်ရန်၊ စက္ကူပန်း၏ ပန်းရောင်နှင့် ကြက်သွေးရောင်များဖြစ်၍ အဖြူသာလျှင် စိုက်ပျိုးရန် မှာကြားသည်။

ကူညီပံ့ပိုး

ယင်းနောက် မြန်မာမှု ပညာရှင် ဦးဝင်းမောင်က မြန်မာမှုနှင့်ပတ်သက်၍ ဆောင်ရွက်ပြီး လုပ်ငန်းများနှင့်ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းများကို တင်ပြရာ ဝန်ကြီးက မြန်မာမှု မှန်ကန်ရန် လိုအပ်ကြောင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာနကလည်း အတတ်နိုင်ဆုံး ကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း မှာကြားသည်။

ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် ဝန်ကြီးသည်နန်းတော် တည်ဆောက်ရေး လုပ်ငန်းခွင် ပဥ္စပါသာဒဆောင်၊ သီဟာသနဆောင်၊ သီဟာသနပလ္လင်ထားရှိမည့်နေရာတို့ကို ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက် ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြွန်တန်ဆာဆရာတော် တရားဟောကြားမည်

ရန်ကုန် ဧပြီ ၃

ပြွန်တန်ဆာမြို့ သာသန သောဘဏိကာရုံကျောင်း နယ်လှည့်တရားဟော ဓမ္မကထိက ဓမ္မာစရိယ အရှင်နန္ဒမာလာ အရှင်သူမြတ်သည် ဧပြီ ၄ရက် နံနက်၉နာရီတွင် ပြွန်တန်ဆာ ဦးကျော်စိန်၊ ဒေါ်ဝင်းကြည် အလှူ၊ ၆ရက်ည ပဲခူးအလှူ၊ ၇ရက်ည ရန်ကုန်မြို့ ရှစ်မိုင် ဘာဝနာ သိက္ခာထပ်အလှူ၊ ၁၂ရက်နံနက် ပြွန်တန်ဆာ သခွတ်ကုန်းအလှူ၊ ၁၃နှင့် ၁၄ရက်တွင် ပြွန်တန်ဆာ၊ ၁၅ရက်ညနေ ၆ နာရီ အနောက်စု သင်္ကြန်ပူဇော်ပွဲ၊ ည ၈နာရီ စံဖဲရွာ သင်္ကြန်ပူဇော်ပွဲ၊ ၁၆ရက်ည ကျောင်းရွာ ဦးလွင်ဦး ဒေါ်မြင့်၊ ၁၇ရက်ည ဂျို့ပင်ရွာတို့၌ အသီးသီး တရားတော်များ ဟောကြားမည်။ ဆရာတော်ကို ဆက်သွယ်လိုပါက ဖုန်း-၀၅၂-၅၉၄၃၂ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က-ပ)

မတ် ၂၉ ရက်က ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ဦးဆောင်မှုဖြင့် တောင်ဥက္ကလာပ မြို့နယ် အမှတ်(၄) ရပ်ကွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းက ဖွင့်လှစ်ခဲ့သော အမျိုးသား ယဉ်ကျေးမှုနှင့် စာရိတ္တ ပညာသင်တန်း သင်တန်းဆင်း လက်မှတ် ပေးအပ်ခြင်းနှင့် ထူးချွန်သင်တန်းသားဆုများ ချီးမြှင့်ပွဲတွင် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးသာဝင်းက (၄)ရပ်ကွက် ထူးချွန်ပထမဆုရ အမက(၅)မှ မောင်ပိုင်သူဟိန်းအား ဆုချီးမြှင့်စဉ်။ (က-ပ)

အိန္ဒိယ နိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်း ဟောင်း) အနောက် ဘက် တိုးချဲ့ မြေနှစ်ကေ ဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် နှစ်ဖက်သော အမိအဖတို့အားရည်စူး၍ စစ်ကိုင်းတိုင်း မုံရွာမြို့ ဘုရားကြီးရပ် ရပ်စုံကျောင်းလမ်းနေ ဦးသန်းစိန်-ဒေါ်သိန်းနှင့် သား ကိုသိန်းနိုင်ဦး၊ သမီး မချစ်စု၊ မအေးအေးမြင့် မိသားစုက အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း ပဓာန နာယက၊ ဦးဆောင်နာယက ဩဝါဒါစရိယ ဗုဒ္ဓဂယာ ဆရာတော် ဘဒ္ဒန္တ ဉာဏိန္ဒ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) အိန္ဒိယနိုင်ငံ ပရဒေသီ သံဃနာယကအဖွဲ့ဥက္ကဋ္ဌထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ရခိုင်ပြည်နယ်ရှိ သူငွေးနှင့်အမ်းချောင်း ရေအားလျှပ်စစ်စီမံကိန်းများ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၃

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကိုးရွှေ လိုက်ပါ၍ မတ် ၃၀ရက် မွန်းလွဲပိုင်းက ရခိုင်ပြည်နယ် သံတွဲခရိုင် သံတွဲမြို့၏ အရှေ့မြောက်ဘက် (၁၂) မိုင်ခန့်အကွာ သူငွေးချောင်းပေါ်၌ အမှတ်(၆) တည်ဆောက်ရေးက တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသော သူငွေးရေအားလျှပ်စစ် စီမံကိန်းသို့ရောက်ရှိရာ ရှေးဦးစွာ စီမံကိန်း ရှင်းလင်းဆောင်၌ ဝန်ကြီးအား စီမံကိန်းညွှန်ကြားရေးမှူး ဦးစန်းမောင်က စီမံကိန်းလုပ်ငန်း လျာထားသတ်မှတ်ချက်များနှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ ဆက်လက် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

တင်ပြ

ဆက်လက်၍ စက်မှု/ယန္တရား ညွှန်ကြားရေးမှူး ဦးခင်မောင်လေးက စီမံကိန်းတွင် အသုံးပြုနေသည့် ယာဉ်ယန္တရားများအခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကိုးရွှေက စီမံကိန်းတစ်ခုလုံးနှင့် ပတ်သက်၍ ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ဝန်ကြီးက တင်ပြချက်များကို ဖြည့်စွက်ဆွေးနွေး မှာကြားပြီး စီမံကိန်း၏ လက်ယာဘက်ကမ်းရှုရပ်မှ နေ၍ စီမံကိန်း၏ လက်ဝဲဘက်ကမ်းရှိ ပြင်ညီခုံ (Benching) တူးဖော်ခြင်း လုပ်ငန်းတွင် Berm (၁၃)ခု တူးဖော်ပြီးစီးမှုနှင့် ဆက်လက် ဆောင်ရွက်နေသည့် လုပ်ငန်းများ၊ လက်ယာဘက်ကမ်းတွင် ရွှေလွှဲဥမင်လိုဏ် (အထွက်) မြေကြီးကျောက်သား တူးဖော်ခြင်း လုပ်ငန်း၊ ဓာတ်အားပေးစက်ရုံ တည်ဆောက်ရန် မြေသားရှင်းလင်းခြင်း လုပ်ငန်းတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ဖြည့်ဆည်း

ယင်းနောက် ဝန်ကြီးသည်တမံ၏ လက်ဝဲဘက်ကမ်းမှနေ၍ တမံ၏ လယ်ယာဘက်ကမ်းရှိ ပြင်ညီခုံ (Benching) တူးဖော်ခြင်းလုပ်ငန်းတွင် Berm (၁၁)ခု တူးဖော်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်လျက် ရှိသည့် လုပ်ငန်းများကို လှည့်လည်ကြည့်ရှု စစ်ဆေး၍လိုအပ်သည်များကိုဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

သူငွေးရေအားလျှပ်စစ် စီမံကိန်း၌ စက်တပ်ဆင်အင်အား ၃၇ ဒသမ ၅ မဂ္ဂါဝပ်အင်အားရှိ ဓာတ်အားပေးစက်သုံးလုံး စုစုပေါင်း စက်တပ်ဆင်အင်အား ၁၁၂ဒသမ၅ မဂ္ဂါဝပ် တပ်ဆင်ထုတ်လုပ်မည်ဖြစ်သည်။

ဖြည့်စွက်ရှင်းလင်း

ထိုမှတစ်ဆင့် ဝန်ကြီးနှင့် အဖွဲ့သည် မတ် ၃၁ ရက် မွန်းလွဲပိုင်းတွင် ရခိုင်ပြည်နယ် ကျောက်ဖြူ ခရိုင် အမ်းမြို့၏ အရှေ့မြောက်ဘက် ၃ ဒသမ ၅မိုင် ခန့်အကွာ အမ်းချောင်းပေါ်၌ တည်ဆောက် အကောင်အထည်ဖော်လျက်ရှိသော အမ်းချောင်း ရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိရာ ရှေးဦးစွာ စီမံကိန်း ရှင်းလင်းဆောင်၌ စီမံကိန်း ညွှန်ကြားရေးမှူး ဦးစန်းမောင်နှင့် လက်ထောက် ညွှန်ကြားရေးမှူး ဦးဉာဏ်ဝင်းတို့က စီမံကိန်းအကြို တည်ဆောက်ရေး လုပ်ငန်းများ၊ မြေတိုင်းတာခြင်း လုပ်ငန်းများ၊ ဇလဗေဒ တိုင်းတာခြင်း လုပ်ငန်းများ၊ ဘူမိဗေဒ စူးစမ်းတိုင်းတာခြင်း လုပ်ငန်းများနှင့် ပတ်သက်၍ အသေးစိတ် ရှင်းလင်း တင်ပြကြပြီး ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကိုးရွှေက ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ရှင်းလင်းတင်ပြချက်များ အပေါ် ဝန်ကြီးက လိုအပ်သည်များကို မှာကြား ဖြည့်ဆည်းပေးသည်။

ဆွေးနွေးမှာကြား

ထို့နောက် ဝန်ကြီးသည် စီမံကိန်း တာဝန်ရှိသူများနှင့်အတူ လျာထားတမံ အူလမ်းကြောင်း ဝဲဘက်ကမ်း၊ ယာဘက်ကမ်းတို့ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

အမ်းချောင်း ရေအားလျှပ်စစ် စီမံကိန်းပြီးစီးပါက စက်တပ်ဆင်အင်အား စုစုပေါင်း ၁၅မဂ္ဂါဝပ်မှ နှစ်စဉ် ပျမ်းမျှ လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၆၅သန်းခန့် ထုတ်လုပ်ဖြန့်ဖြူးပေးသွားမည် ဖြစ်သည်။

(သတင်းစဉ်)

ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများနှင့် လူပုဂ္ဂိုလ်များ ပုသိမ်အသင်း(ရန်ကုန်)ထပ်ဆင့်ချီးကျူး ဂုဏ်ပြုပူဇော်

ရန်ကုန် ဧပြီ ၃

ဧရာဝတီတိုင်း ပုသိမ်ခရိုင်အတွင်းမှ ဆရာတော်ကြီးများဖြစ်ကြသော နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဩဘာသာဘိဝံသ ပုဏ္ဏာမာရာမ ဈေးကျောင်းတိုက် ညောင်တုန်းမြို့၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တ ခေမိန္ဒ ပစ္ဆိမာရုံကျောင်းတိုက် ပုသိမ်မြို့၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တ ဣဒ္ဓိဉာဏာဘိဝံသ ဝေဠုဝန် ပရိယတ္တိစာသင်တိုက် ကျုံပျော်မြို့၊ မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တ သောဘိတ မရမ်းချိုကျောင်း ပရိယတ္တိစာသင်တိုက် ပုသိမ်မြို့၊ မဟာဂန္ထဝါစက ပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တ ကုမာရ ဒက္ခိဏာရုံ ပရိယတ္တိစာသင်တိုက် ငပုတောမြို့တို့မှ ဆရာတော်ကြီးငါးပါးနှင့် သာသနာနုဂ္ဂဟဘွဲ့တံဆိပ်တော်ရ အဂ္ဂမဟာသီရိသုဓမ္မသင်္ဂီဘွဲ့ရ ဒေါ်ကြည်ကြည်ဆွေ၊ သီရိသုဓမ္မသင်္ဂီဘွဲ့ရ ဒေါ်ကျင်သိန်း၊ ရာသက်ပန် အသင်းဝင်တို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ချီးမြှင့်ခံရသည့်အတွက် ပုသိမ်အသင်း(ရန်ကုန်)က ထပ်ဆင့်ချီးကျူး ဂုဏ်ပြုပူဇော်ပွဲကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ အမှတ်(၂၁/၄၃)စီ ဧရာဝတီတိုင်းမွေ့ရုံ၌ ဧပြီ ၁ရက် နံနက် ၉ နာရီကကျင်းပရာ ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ပြီး ပုသိမ်အသင်း(ရန်ကုန်) အတွင်းရေးမှူး ဦးကျော်ကျော်ဝင်းက အခမ်းအနား ဖွင့်စာတမ်းကို ဖတ်ကြားသည်။

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော်ကြီးထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ဆက်လက်၍ ပုသိမ်အသင်း (ရန်ကုန်) ဥက္ကဋ္ဌ သီရိသုဓမ္မဇောတိကဓဇ သီရိသုဓမ္မမဏိဇောတဓရ ဦးစိုးဟန်လင်းက ဆရာတော်ကြီးများအား ချီးကျူးဂုဏ်ပြု ပူဇော်ရခြင်းအကြောင်း လျှောက်ထားသည်။

ဂုဏ်ပြုလွှာပေးအပ်

ယင်းနောက် နိုင်ငံကျော်အဆိုတော် ဒေါ်စိမ်းမို့မို့က မင်္ဂလာရတုပိုဒ်စုံနှင့် ရှစ်ဆယ်ပေါ် တေးထပ်တို့ဖြင့် သီဆိုပူဇော်၍ ဆရာတော်ကြီးများအား ဂုဏ်ပြုလွှာနှင့် လှူဖွယ်ဝတ္ထုအစုစုတို့ကို ဆက်ကပ်ကြပြီး ဥပါသိကာမ နှစ်ဦးအား ဂုဏ်ပြုလွှာများ ပေးအပ်သည်။

ယင်းနောက် ပုသိမ်မြို့ ပစ္ဆိမာရုံ စာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တခေမိန္ဒထံမှ အနုမောဒနာ တရားနာယူ၍ ရေစက်သွန်းချ အမျှပေးဝေကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကမ္ဘာတစ်လွှား အားကစား

ဘွန်ဒက်စ်လီဂါ၌ ဝါဒါဘရီမင်တို့ ချန်ပီယံဖြစ်နိုင်ပါ့မလား

ကိုးကားတင်ပြသူ
မောင်မောင်မြင့်ဆွေ

ဘာလင် ဧပြီ ၃

၂၀၀၆-၂၀၀၇ ဘောလုံးရာသီ၌ အင်္ဂလိပ်ပရီမီယာလိဂ်၊ အီတလီ စီးရီးအေနှင့် စပိန်လာလီဂါတို့တွင် မည်သည့်အသင်းများ ဖိုလ်စွဲနိုင်မည်ကို ရုပ်လုံးပေါ်စ ပြုလာပြီဖြစ်သော်လည်း ဂျာမန်ဘွန်ဒက်စ်လီဂါတွင်မူ မည်သည့်အသင်း ချန်ပီယံဖလားရရှိမည်ဆိုသည်မှာ သေချာတပ်အပ် မခန့်မှန်းနိုင်အောင် ရှိနေသည်။

ယခုနှစ်၌ ပုံမှန်ခြေစွမ်းပြနိုင်ပြီး အသင်းစုစည်းမှု အားကောင်းနေသော ဝါဒါဘရီမင်အသင်း။ (ဓာတ်ပုံ-အင်တာနက်)

ပရီမီယာလိဂ်တွင် မန်ယူသည် ဒုတိယနေရာမှ ပြိုင်ဘက် ချယ်လ်ဆီး ထက် ပွဲတူ ခြောက်မှတ်အသာဖြင့် ဦးဆောင်နေရာ မန်ယူတို့ ပရီမီယာ လိဂ် ဖလားရရှိရေးမှာ လက်တစ်ကမ်း အကွာသို့ ရောက်ရှိနေပြီဖြစ်သည်။

မဖြစ်နိုင်တော့

ထို့အတူ အီတလီ စီးရီးအေတွင် တန်းစီဇယားထိပ်ဆုံးမှာအင်တာမီလန် က ဒုတိယနေရာမှ ရိုးမားအသင်းကို ပွဲတူ အမှတ်၂၀ဖြတ်ထားသည် ဖြစ်ရာ စီးရီးအေဖလားသည် အင်တာမီလန်မှ လွဲပြီး အခြားအသင်း မဖြစ်နိုင်တော့ ချေ။

တစ်ဖန် စပိန်လာလီဂါတွင်လည်း ထိပ်ဆုံးမှ ဘာစီလိုနာနှင့် ဒုတိယနေရာ မှ ဆီဗီလာတို့ ပွဲတူနှစ်မှတ်သာ ကွာခြား နေပြီး ရီးရဲမက်ဒရစ်နှင့်လည်း ဘာစီလိုနာတို့က ပွဲတူ ငါးမှတ်သာ ကွာခြားနေရာ အကြိတ်အနယ်ရှိနေ သည်။

ဖိအားပေး

ထို့အတူ ဂျာမန်ဘွန်ဒက်စ်လီဂါ၌ လည်းထိပ်ဆုံးမှ ရှော်လ်ကေးအသင်း နှင့် ဒုတိယနေရာမှ ဝါဒါဘရီမင်တို့ ပွဲတူ နှစ်မှတ်သာ ကွာခြားနေသလို တတိယနေရာမှ စတုဂတ်နှင့်လည်း နှစ်မှတ်သာ ကွာခြားနေရာ ပြိုင်ဆိုင် မှုများ ပြင်းထန်လျက် ရှိနေသည်။

ဘွန်ဒက်စ်လီဂါ တန်းစီဇယားကို ပွဲစဉ် ၂၇ပွဲ ကစားပြီးချိန်တွင် ရှော်လ်ကေးက ၅၃ဖြင့် ဦးဆောင်နေသော်လည်း ဒုတိယ နေရာမှ ဝါဒါဘရီမင်တို့ ယခုနှစ်၌ ဘွန်ဒက်စ်လီဂါဖလားရရှိနိုင်မှုမှာရေပန်း အစားဆုံး ဖြစ်နေပြီး ရှော်လ်ကေးကို လည်း ဖိအားပေးလျက် ရှိနေသည်။

ပိုင်ဆိုင်ထား

ဝါဒါဘရီမင်အသင်းမှာ ယခုနှစ်၌ ပုံမှန်ခြေစွမ်းပြနိုင်ပြီး အသင်းစုစည်းမှု အားလည်း ကောင်းနေသည်။ ယခု အချိန်အထိ ဘွန်ဒက်စ်လီဂါ၌ ၂၇ပွဲ ကစားပြီးချိန်တွင် ၁၅ပွဲနိုင်၊ ခြောက်ပွဲ သရေ၊ ခြောက်ပွဲရှုံး ရလဒ်များ ပိုင်ဆိုင် ထားသည်။

အကာအကွယ်ပေးနိုင်ခဲ့

ဝါဒါဘရီမင်အသင်းသည် ၂၇ပွဲ ကစားပြီးချိန်အထိ ဘွန်ဒက်စ်လီဂါ အသင်းများတွင် တိုက်စစ် အား အကောင်းဆုံးဖြစ်သလို ခံစစ်ပိုင်းတွင် လည်းကျစ်လျစ်သိပ်သည်းမှုရှိနေသည် ကို သွင်းဂိုး၊ ပေးဂိုးများက ဖော်ပြလျက် ရှိသည်။ ဝါဒါဘရီမင် တိုက်စစ်မှူးများ က ၂၇ပွဲကစားပြီးချိန်တွင် ၆၁ဂိုး သွင်း ယူပေးထားနိုင်သလို ခံစစ်မှူးများနှင့် ဂိုးသမားက ၃၃ ဂိုးသာ အသွင်းခံရ အောင် အကာအကွယ်ပေးနိုင်ခဲ့သည်။ ခံစစ်ပိုင်းတွင်လည်း ဘွန်ဒက်စ်လီဂါ အသင်းများ၌ တတိယမြောက် အကောင်းဆုံးအသင်းလည်းဖြစ်သည်။

ဝါဒါဘရီမင်အတွက် အဓိကကျ သော အဆုံးအဖြတ်ဂိုးများကို သွင်းယူ ပေးနိုင်သူမှာ တိုက်စစ်မှူး ကလိုဆေးပင် ဖြစ်သည်။ ယခုအချိန်အထိ ဘွန်ဒက်စ် လီဂါတွင် ၂၇ပွဲကစားပြီး ၁၁ဂိုးသွင်း ယူပေးနိုင်သည်။ ထို့အပြင် ဝါဒါဘရီမင် တွင် ဒေဂို၊ ဟန့်၊ ရိုဒီဂတ်စ်နှင့်အယ်မီဒါ တို့ကလည်းဂိုးသွင်းနိုင်ကြသူများ ဖြစ်ရာ ဝါဒါဘရီမင်အတွက် အဓိက စွမ်းအား ရှင်များပင် ဖြစ်သည်။

ပုံမှန်ခြေရှိ

လောလောဆယ်အနေထားတွင် နောက်ဆုံးကစားခဲ့သည့် အဝေးကွင်း၊ အိမ်ကွင်း ငါးပွဲစီ ကစားခဲ့သော အခြေ အနေကို ကြည့်လျှင် အိမ်ကွင်းငါးပွဲ၌ အနိုင်သုံးပွဲနှင့် ရှုံးပွဲနှစ်ပွဲ ဖြစ်ခဲ့သည်။ အဝေးကွင်းငါးပွဲကစားခဲ့ရာတွင်လည်း တစ်ပွဲနိုင်၊ သုံးပွဲသရေ၊ တစ်ပွဲရှုံးခဲ့သည် ဖြစ်ရာ အိမ်ကွင်း၊ အဝေးကွင်း ပုံမှန်ခြေ ရှိခဲ့သည်ကို တွေ့ရသည်။

သို့သော် ပြီးခဲ့သည့် မတ်လက လေးပွဲကစားခဲ့ရာတွင် နှစ်ပွဲနိုင်၊ နှစ်ပွဲ သရေဖြင့် ရှုံးပွဲမရှိခဲ့ချေ။ ထူးထူးခြားခြား ခြေစွမ်းပြခဲ့သည့်ပွဲများမှာ ဂလက်ဘက် အသင်းကို သုံးဂိုးပြတ်၊ ဘီလီဖီးလ် အသင်းကို သုံးဂိုးပြတ်နှင့် ဟန်နိုဗာ အသင်းကို သုံးဂိုးပြတ် အနိုင်ယူခဲ့သော ပွဲများဖြစ်သည်။

ဘွန်ဒက်စ်လီဂါတွင် ပွဲစဉ် ကိုးပွဲ ကျန်ရှိနေသေးရာ နှင့်ဘတ်ကဲ့သို့သော ပွဲမှ လွဲ၍ ခက်ခဲသည့် ပွဲကျပ်မရှိတော့ ချေ။ ဝါဒါဘရီမင်၌ လက်ရှိအချိန်တွင် ဒဏ်ရာရ ကစားသမားများလည်း ပြောပလောက်အောင်မရှိသည်ကလည်း ကံကောင်းသည့် အချက်ပင် ဖြစ်နေ သည်။

စောင့်ကြည့်ရမည်

ဘွန်ဒက်စ်လီဂါတွင် ဝါဒါဘရီမင် တို့ ၂၀၀၃-၂၀၀၄ ဘောလုံးရာသီ၌ ချန်ပီယံဖြစ်ခဲ့ဖူးရာ ၂၀၀၅-၂၀၀၆ ခုနှစ်က ဒုတိယဖြင့်သာ ကျေနပ်ခဲ့ရမှုကို ယခုနှစ်၌ဘွန်ဒက်စ်လီဂါဖလားရရှိရေး ကို စွမ်းအားရှိသလောက် ကြိုးစားသွား မည်ဖြစ်ရာ ဝါဒါဘရီမင်တို့ ဘွန်ဒက်စ် လီဂါ၌ ချန်ပီယံဖြစ်၊ မဖြစ်ကိုမူ စောင့် ကြည့်ရမည် ဖြစ်ပါကြောင်း။

(ကိုးကား-အင်တာနက်)

အင်တာနက် အားကစားသတင်း အတိုအထွာ

- နယူးကာဆယ်အသင်းသည် ပရိသတ် ၆၀၀၀၀ ဆံ့မည့် စိန့်ဂျိမ်းပတ် ကွင်းသစ်ကြီးကို ပေါင်သန်း၃၀၀အကုန်အကျခံ တည်ဆောက် သွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

- **အက်စ်တွန်ဗီလာအသင်း တောင်ပံကစားသမား ဂါဘရီရယ် အက်ဘွန်လာဟာအား အသင်းက လက်ရှိတစ်နှစ်စာချုပ်ကုန်ဆုံး ချိန်တွင် ၂၀၁၀ပြည့်နှစ်အထိ စာချုပ်သွားရန် မျှော်လင့်ထားကြောင်း သိရသည်။**

- မန်ယူတိုက်စစ်မှူး ရွန်နေက ၎င်းအနေဖြင့် ဂိုးမသွင်းနိုင်သည်မှာ ပြဿနာမဟုတ်ကြောင်း၊ ပရီမီယာလိဂ်ဖလား ခိုင်မာအောင် ရယူရေးသည်သာ အဓိကဖြစ်ကြောင်း ပြောကြားလိုက်သည်။

- **မန်ချက်စတာယူနိုက်တက် အသင်းသည် ဘလက်ဘန်းအသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရလိုက်သဖြင့် မန်ယူတို့ ပရီမီယာလိဂ် ဖလားကို ရနိုင်သည်ဆိုခြင်းကို အသင်းနည်းပြ ဖာဂူဆန်က ထုတ်ဖော်ပြောကြားလိုက်သည်။**

- ယခုနွေရာသီအပြောင်းအရွှေ့ကာလ၌ လီဗာပူးနည်းပြ ဘင်နီတက်ဇ် အနေဖြင့် ယူရိုသန်း၄၀ သုံးစွဲကာ ကစားသမားများအား ခေါ်ယူခွင့် ရှိပြီ ဖြစ်ကြောင်း လီဗာပူးကလပ်က ပြောကြားသည်။

- **ကာကာနှင့် စီရိုနယ်ဒိုတို့သည် ကမ္ဘာ့အကောင်းဆုံးဘောလုံးသမား များ ဖြစ်ကြောင်း အင်္ဂလန်နှင့် ဘိုင်ယန်မြူးနစ်အသင်း ကွင်းလယ် ကစားသမား ဟားဂရေ့ဗ်က ထုတ်ဖော်ပြောကြားလိုက်သည်။**

- အင်္ဂလန်နံပါတ်တစ် တင်းနစ် ကစားသမား အင်ဒီမောရေးသည် ဒူးခေါင်းဒဏ်ရာကြောင့် ယခုသီတင်းပတ်၌ ကစားမည့် ဒေးဗစ် ဖလား တင်းနစ်ပြိုင်ပွဲ၌ ပါဝင်ကစားနိုင်မည် မဟုတ်ကြောင်း ၎င်း၏ အေးဂျင့်က ပြောကြားသည်။

- **မဲလ်ဘုန်းမြို့တွင် ကျင်းပလျက်ရှိသော ကမ္ဘာ့ရေကူးပြိုင်ပွဲ၌ အမျိုးသား အလွတ်တန်း ရေကူးပြိုင်ပွဲတွင် ပိုလန်ရေကူးသမား ဆောရီမိုဝစ်ဇ်က မီတာ ၁၅၀၀ကို ၁၄မိနစ် ၄၅ဒသမ ၉၄စက္ကန့်ဖြင့် ပထမ ရရှိသွားသည်။** (အင်တာနက်)

ယူအီးအက်ဖ်အေနေရာ တော့တင်ဟမ်ရနိုင် တိုက်စစ်မှူး ဘာဘာတော့ဗ်ပြောကြား

စုစည်းတင်ပြသူ
မြင့်မောင်စိုး

တော့တင်ဟမ် တိုက်စစ်မှူး ဘာဘာ တော့ဗ်။ (ဓာတ်ပုံ- အင်တာနက်)

လန်ဒန် ဧပြီ ၃

တော့တင်ဟမ် အသင်းသည် ယခုနှစ် ဘောလုံးရာသီတွင် ယူအီး အက်ဖ်အေပြိုင်ပွဲဝင်ခွင့် နေရာအတွက် ဆက်လက်တိုက်ပွဲဝင်သွားရန် စီစဉ် ထားကြောင်း တိုက်စစ်မှူး ဘာဘာ တော့ဗ်က ပြောကြားလိုက်သည်။

ပြောကြား

တော့တင်ဟမ်အသင်းသည် ဧပြီ ၁ရက်က ပရီမီယာလိဂ်ပွဲစဉ် အဖြစ် ရက်ဒင်းအသင်းကို အနိုင်ရပြီးနောက် ဘာဘာတော့ဗ်က အထက်ပါအတိုင်း ပြောကြားလိုက်ခြင်း ဖြစ်သည်။

တော့တင်ဟမ်အသင်းသည် ယူအီး အက်ဖ်အေပွဲစဉ်အဖြစ် ဧပြီ ၅ရက်တွင် လက်ရှိချန်ပီယံ ဆီဗီလာအသင်းနှင့် ကွာတားဖိုင်နယ်ပွဲကစားရမည်ဖြစ်သည်။

ကစားမည်

ယင်းပွဲပြီးနောက် ပရီမီယာလိဂ် ပွဲအဖြစ် ဧပြီ၇ရက်တွင် ချယ်လ်ဆီး၏ စတမ်းဖို့ဒ်ကွင်းသို့ သွားရောက်ကစား ရမည် ဖြစ်သည်။

တက်လာ

တော့တင်ဟမ်အသင်းသည် ယခု အခါပရီမီယာလိဂ်အမှတ်ပေးဇယားတွင် နံပါတ်ခြောက်နေရာသို့ တက်လာပြီး ဖြစ်သည်။

ရရှိနိုင်ဖွယ်

လာမည့် ဘောလုံးရာသီတွင် ယူအီး အက်ဖ်အေ ခြေစစ်ပွဲ နေရာအတွက် ရရှိနိုင်ဖွယ်ရှိသည်။

(အင်တာနက်)

ဖီဖာဥက္ကဋ္ဌ ရာထူးနေရာ ဘလက်တာ တတိယအကြိမ်ဆက်ခံ

လန်ဒန် ဧပြီ ၃

ဖီဖာဥက္ကဋ္ဌ ဆပ်ဘလက်တာသည် တတိယသက်တမ်း တာဝန်ကို ထမ်းဆောင်လိမ့်မည်ဖြစ်ကြောင်း ဧပြီ၂ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။

တာဝန်ယူမည်

ဘလက်တာသည်၁၉၉၈ခုနှစ် ဇွန်လက ဖီဖာဥက္ကဋ္ဌ ဖြစ်လာ ခဲ့သူ ဖြစ်သည်။ ၎င်းသည်မေ၃၁ရက်တွင်တတိယ သက်တမ်း နေရာအတွက် ကျမ်းကျိန်လိမ့်မည်ဖြစ်ပြီး ၂၀၁၁ခုနှစ်အထိ ဖီဖာဥက္ကဋ္ဌတာဝန်ယူမည်ဖြစ်ကြောင်း သိရသည်။

ဖီဖာ ဥက္ကဋ္ဌ ဆပ်ဘလက်တာ။ (ဓာတ်ပုံ-အင်တာနက်)

ယုံကြည်မှုပိုမိုရှိလာ

မိမိအား ပြန်လည်ရွေးချယ် တင်မြှောက်ခဲ့၍ ဖီဖာ အဖွဲ့ဝင်အသင်းများအတွက် အကောင်းဆုံးဆောင်ရွက်ပေး ရန် ယုံကြည်မှုများ ပိုမိုရှိလာကြောင်း ဆပ်ဘလက်တာက ပြောကြားသည်။

ဘလက်တာသည် ၁၉၉၈ခုနှစ်က ဖီဖာဥက္ကဋ္ဌ ဖြစ်လာရန် ကြိုးစားခဲ့သည့် ယူအီးအက်ဖ်အေဥက္ကဋ္ဌ လင်းနက်ဂျိုဟန်ဆင် ကိုလည်း ကျော်ဖြတ်အနိုင်ယူခဲ့သည်။

လုပ်ဆောင်ပေးနိုင်မည်

မိမိ၏တတိယသက်တမ်းကာလအတွင်းကမ္ဘာ့ဘောလုံး အသင်းများ၏ တိုးတက်ရာ တိုးတက်ကြောင်းနှင့် လူမှုရေး အခန်းကဏ္ဍများ ပိုမိုကျယ်ပြန့်စွာ လုပ်ဆောင်ပေးနိုင်မည်ဟု ယုံကြည်ကြောင်း ဆွစ်ဇာလန်နိုင်ငံသား ဆပ်ဘလက်တာက ပြောကြားသည်။ **(အင်တာနက်)**

စတန်လေပတ်ကွင်းသစ်ကြီး လီဗာပူးအသင်း တည်ဆောက်

လန်ဒန် ဧပြီ ၃

လီဗာပူးအသင်းသည် စတန်လေပတ်ကွင်းသစ်ကြီး တည်ဆောက်ရေးလုပ်ငန်းခွင်ကို မေလတွင် စတင်မည်ဖြစ်ကြောင်း လီဗာပူးကလပ်က ပြောကြားသည်။

လီဗာပူးအသင်းပိုင်ရှင် ဂျော့ဂျီးလက်နှင့် တွန်ဟစ်တို့သည် လီဗာပူးမြို့တော် ကောင်စီဝင် များနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် အထက်ပါကွင်းသစ်ကြီးကို တည်ဆောက်သွားရန် သဘောတူညီ လိုက်ခြင်းဖြစ်သည်။ လာမည့် အနှစ်၅၀တွင် လီဗာပူးပရိသတ်များအတွက် အဆိုပါကွင်းသစ်ကြီးကို တည်ဆောက်သွားမည်ဖြစ်ကြောင်း အသင်းပိုင်ရှင်များက ပြောကြားသည်။

မျှော်လင့်ထား

အဆိုပါ ကွင်းသစ်ကြီးသည် ပရိသတ် ပေါင်း ၆၀၀၀၀ ဝင်ဆံ့မည်ဖြစ်သည်။ ယင်းတို့က ၂၀၀၈ခုနှစ်တွင် အပြီးတည်ဆောက်ပြီး ၂၀၁၀ပြည့်နှစ်တွင် ကွင်းသစ်ဖွင့်နိုင်ရန် မျှော်လင့်ထားသည် ဟုဆိုသည်။ **(အင်တာနက်)**

ဆက်သွယ်ပါရန်

ယာဉ်အမှတ် သ/၆၃၁၈ Master Ace Surf အမျိုးအစား လက်ဝယ်ရှိသူသည် ယာဉ်ပိုင်ရှင်အမည်ပြောင်းရန် မူလယာဉ်ပိုင်ရှင်ထံ ကြော်ငြာသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ဆက်သွယ်ပါရန်။

ဒေါ်ဖြူတီထွေး ဖုန်း-၂၂၂၇၄၉။

KMD Computer Centre (လှည်းတန်း)
:: I-Office :: Graphics Design :: Desktop Publishing
:: Email & Web Design :: Practical A+ :: Basic Software Engineering
:: Advanced Software Engineering :: LCCI Computerised Accounting

Golden Star

UNIQUE STAR TRAVELS & TOURS CO.LTD

လက်ပံတန်းမြို့ ဦးစိန်ကျောင်း နှစ်(၁၀၀)ပြည့်အခမ်းအနားကျင်းပမည်

၁၉၀၇ခုနှစ်တွင် ဆရာကြီး ဦးစိန်မှ စတင်တည်ထောင်ဖွင့်လှစ်ခဲ့သော ဦးစိန်ကျောင်း(ယခု အခြေခံပညာအလယ်တန်းကျောင်း၊ မြို့မ)သည် ၂၀၀၇ ခုနှစ်တွင် နှစ်(၁၀၀)ပြည့်ပြီဖြစ်ပါသည်။ နှစ်(၁၀၀)ပြည့် အခမ်းအနားကို ၁၉-၅-၂၀၀၇ရက် (စနေနေ့) နံနက် ၉နာရီတွင် လက်ပံတန်းမြို့ အခြေခံပညာအလယ်တန်းကျောင်း၌ကျင်းပမည်ဖြစ်သည်။ ရပ်နီးရပ်ဝေးမှ ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်၍ အလှူငွေများထည့်ဝင်ကြပါရန် နှိုးဆော်အပ်ပါသည်။

(၁) ဒေါ်စန်းနွဲ့ ရန်ကုန် ဖုန်း-၀၁-၆၆၄၆၁၇၊ (၂) ဦးခင်မောင်ဝေ ရန်ကုန် ဖုန်း-၀၁-၂၄၉၇၇၂၊ (၃) ဒေါ်သန်းဆွေ ရန်ကုန် ဖုန်း-၀၁-၅၆၁၆၉၀၊ (၄) ဦးကျော်မင်း လက်ပံတန်း ဖုန်း-၀၅၃-၃၂၃၄၉၊ (၅) ဒေါ်တင်တင်လှ(အလက)- ဖုန်း-၀၅၃-၃၂၀၅၀။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် လှဖေသိန်း၏ နိုင်ငံကူးလက်မှတ် အမှတ်-၇၆၉၈၆၀သည် လမ်းသွားရင်း ပျောက်ဆုံးသွားပါသည်။ တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၄၃-၅၀၁၄၈။**

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ နိုင်ငံကူးလက်မှတ်-၄၂၂၁၉၅သည် ခရီးသွားလာရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဆက်သွယ်ပေးပို့ပါ။ **မောင်ဇော်ဟိန်းအောင် ဖုန်း-၅၈၀၉၇၈ (အိမ်)။**

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

မြန်မာ့အလင်း အင်တာနက် ကျန်းမာရေး

ကိုယ်အလေးချိန်များပါက ပန်းနာရောဂါဖြစ်ပွားနိုင်

လန်ဒန် ဧပြီ ၃

ခန္ဓာကိုယ် အလေးချိန်များပြားသူများသည် ပန်းနာရောဂါဖြစ်ပွားရန် ၅၀ရာခိုင်နှုန်း အခွင့်အလမ်းများကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားလိုက်သည်။

တွေ့ရှိ

ပန်းနာရောဂါဖြစ်သူ ဝေဒနာရှင် ၃၃၀၀၀၀ကို ခုနစ်ကြိမ်သုတေသနပြုခဲ့ရာ အထက်ပါအချက်ကို တွေ့ရှိခဲ့ခြင်းဖြစ်သည်ဟု ၎င်းတို့က အမေရိကန်ဆေးပညာဂျာနယ်တစ်စောင်၌လည်း ဖော်ပြခဲ့သည်။

အဝလွန်မှုသည် ဆီးချို၊ နှလုံးရောဂါနှင့် ပန်းနာရောဂါတို့ကို လျင်မြန်စွာ ဖြစ်ပေါ်စေကြောင်း၊ ယခင်က ဆီးချိုနှင့် နှလုံးရောဂါတို့သာအဖြစ်များကြောင့် တွေ့ရှိခဲ့ရသော်လည်း ပန်းနာရောဂါဖြစ်ပွားမှုကိုလည်း ထည့်သွင်းရတော့မည်ဖြစ်ကြောင်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။

လျှော့သင့်

အဝလွန်မှုကြောင့် လေပြွန်လေးများ၏ နံရံအတွင်းတင်းကျပ်ပိတ်ဆို့မှုဖြစ်ပေါ်စေပြီး အဆုတ်ကို ထိခိုက်မှုဖြစ်စေသဖြင့် ပန်းနာရောဂါဖြစ်ရခြင်းဖြစ်ကြောင်း၊ သာမန်ခန္ဓာကိုယ်အလေးချိန်ရှိသောလူများထက် အဝလွန်သူများက ပန်းနာရောဂါဖြစ်ပွားမှုပိုများသောကြောင့် ကိုယ်အလေးချိန်လျှော့ချသင့်ကြောင်း သုတေသနပညာရှင် ဒေါက်တာရန်ဆူသာလန်က ပြောကြားသည်။

(ကိုးကား-အင်တာနက်)

ပဲခူးတိုင်းနှင့်ကရင်ပြည်နယ်၌ သောင်းကျန်းသူများထောင်ထားသည့်မိုင်းများနင်းမိ တစ်ဦးသေဆုံးနှစ်ဦးဒဏ်ရာရရှိ

ရန်ကုန် ဧပြီ ၃

အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများသည် နိုင်ငံတော်တည်ငြိမ်မှု၊ ရပ်ရွာအေးချမ်းသာယာမှု၊ တရားဥပဒေစိုးမိုးမှုနှင့် ပြည်သူလူထု၏လုံခြုံမှုများထိခိုက်ပျက်ပြားအောင် နည်းမျိုးစုံဖြင့် နှောင့်ယှက်ဖျက်ဆီးလျက်ရှိသည်။

သေဆုံး

ပဲခူးတိုင်း ကျောက်ကြီးမြို့နယ် မုန်းမြို့နေ မတင်တင်ခိုင်သည် မတ် ၂၉ရက်တွင် မုန်းမြို့အရှေ့မြောက်ဘက်ရှိ မြောင်ဦးရွာ၌ ဟင်းရွက်ခူးရာမှ သောင်းကျန်းသူများထောင်ထားသည့် မိုင်းတစ်လုံးနင်းမိသဖြင့် ဝဲဘက်ခြေသလုံးတွင် မိုင်းစထိမှန်ဒဏ်ရာရရှိခဲ့ကြောင်း၊ ထန်းတပင်မြို့နယ်နေ မောင်ဇော်နိုင်နှင့် မောင်သက်ဦးတို့သည် မတ်၃၁ရက်တွင် ကရင်ပြည်နယ် သံတောင်မြို့နယ် ဘူးလုံရွာ အထက်ဘက်တောထဲသို့ ထင်းခုတ်ရန်သွားရောက်စဉ် မိုင်းတစ်လုံးနင်းမိသဖြင့် ဇော်နိုင်နှင့်သက်ဦးတို့ ဒဏ်ရာအသီးသီးရရှိခဲ့ပြီး ဇော်နိုင်မှာ ရရှိသောဒဏ်ရာကြောင့် သွေးထွက်လွန်ပြီး သေဆုံးသွားခဲ့ကြောင်း သိရသည်။

စုံစမ်းဖော်ထုတ်

ဒဏ်ရာရရှိသူများအား ဆေးရုံသို့ပို့ဆောင်၍ လိုအပ်သည်များ ကူညီပံ့ပိုးပေးလျက်ရှိကြောင်းနှင့် အကြမ်းဖက်သောင်းကျန်းသူများအား ပြည်သူလူထုနှင့်ပူးပေါင်း၍ ဖမ်းဆီးအရေးယူနိုင်ရေး တာဝန်ရှိသူများက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၄-၄-၂၀၀၇ ရက်
(ဗုဒ္ဓဟူးနေ့)
နံနက်ပိုင်း

၇း၀၀ ၁။ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၄။ နံနက်ခင်းသတင်း
၇း၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး
၇း၅၅ ၆။ အဆိုပြိုင်ပွဲ
၈း၀၅ ၇။ ကံတင်ဘီးလင်း ရေလှောင်တမံ
၈း၁၅ ၈။ ခါသကြ်န် အဆိုအကများ
၈း၃၀ ၉။ International News
၈း၄၅ ၁၀။ Happy and Educational English Summer Course MRTV
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (ဓာတုဗေဒ၊ ရူပဗေဒ၊ သတ္တဗေဒ၊ ရုက္ခဗေဒ အထူးပြုများ) [ဓာတုဗေဒ]
၁၆း၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇း၀၀ ၅။ မြန်မာစာ မြန်မာစကား
၁၇း၁၅ ၆။ သီချင်းကြီးပဒေသာ
၁၇း၂၅ ၇။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၁၇း၃၅ ၈။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
၁၈း၀၀ ၉။ ညနေခင်းသတင်း
၁၈း၃၀ ၁၀။ မိုးလေဝသအခြေအနေ
၁၈း၃၅ ၁၁။ သုတစုံလင် ရွှေဉာဏ်ရှင်
၁၉း၀၀ ၁၂။ Discovery
၁၉း၁၀ ၁၃။ **"အသက်ကလေးရယ်တဲ့ ရှည်စေလို"** ဦးအောင်လွင်၊ ဦးကြည်စိုး မေထွဋ်ခေါင် (ဒါရိုက်တာ-ကြည်စိုး)
၁၉း၂၅ ၁၄။ ခါသကြ်န်အဆိုအကများ
၁၉း၄၀ ၁၅။ ကြေးမုံရိပ်သွင် တေးနယဉ်
၁၉း၅၀ ၁၆။ ဘာသာစကားသင်ကြားလေ့လာ တက္ကသိုလ်မှာ (အပိုင်း-၂)
၂၀း၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ မြန်မာရုပ်ရှင် **"နှလုံးသားမြို့တော်"** နေအောင်၊ ခင်သီတာထွန်း၊ မို့မို့မြင့်အောင် (ဒါရိုက်တာ-မောင်တင်ဦး)

မဟာသင်္ကြန်အကြိုသွေးလှူဒါန်းပွဲ

ရန်ကုန် ဧပြီ ၃

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ်မှ နှစ်စဉ်ကျင်းပလျက်ရှိသော မဟာသင်္ကြန်ရက်အတွင်း ဆေးကုသမှုခံယူလျက်ရှိသည့် လူနာများ သွေးအခက်အခဲမရှိစေရေးအတွက် ဖိဝိတဒါန သွေးလှူရှင်များနှင့် အခြေခံစည်းရုံးရေးသင်တန်းအမှတ်စဉ်(၂၆) သင်တန်းသားသင်တန်းသူများစုပေါင်း၍ ဗဟိုအမျိုးသမီးဆေးရုံကြီး ရန်ကုန်တွင် ဧပြီ၈ရက်(တနင်္ဂနွေနေ့) နံနက်၈နာရီတွင် သွေးလှူဒါန်းပွဲကျင်းပမည်ဖြစ်ရာ မည်သူမဆိုပါဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

အင်အားပြင်း မြေငလျင်လှုပ်

၂၀၀၇ခုနှစ် ဧပြီ ၃ရက် မြန်မာစံတော်ချိန် ၁၀နာရီ ၁၀မိနစ် ၅၆စက္ကန့်အချိန်တွင် ကမ္ဘာအေး မြေငလျင်စခန်းမှ အနောက်မြောက်ဘက် မိုင်၂၁၁၇ခန့် ကွာဝေးသော မြန်မာနိုင်ငံ ပြင်ပနေရာကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၆ဒသမ၂ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်ခဲ့ကြောင်း တိုင်းထွာရရှိသည်။

မီးလောင်မှုသတင်း

ရန်ကုန် ဧပြီ ၃

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းရှူးမြို့၌ မတ် ၂၉ရက်တွင် မီးလောင်ကျွမ်းခဲ့ရာ အဆောက်အအုံလေးလုံး၊ အဆောင်သုံးဆောင်နှင့် အသုံးအဆောင်ပစ္စည်းများ မီးလောင်ဆုံးရှုံးခဲ့ကြောင်း။

ညောင်ဦး

မန္တလေးတိုင်း ညောင်ဦးမြို့နယ် မြောင်ကျေးရွာ၌ မတ် ၃၀ရက်တွင် မီးလောင်မှုဖြစ်ပွားရာ အိမ် ၇၁လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး အိမ်ထောင်စု ၇၁စု မီးလောင်ဆုံးရှုံးခဲ့ကြောင်း။

ပျဉ်းမနား

မန္တလေးတိုင်း ပျဉ်းမနားမြို့နယ် မင်းကုန်းကျေးရွာအုပ်စု အောင်သပြေကျေးရွာ၌ ဧပြီ ၁ရက်တွင် မီးလောင်မှုဖြစ်ပွားရာ နေအိမ်သုံးလုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့အလင်း အင်တာနက် ဖောင်ပိတ်သတင်း

အာဖဂန်နစ္စတန်၌အင်အားပြင်းငလျင်လှုပ် အပျက်အစီးများအသေးစိတ်မသိရသေး

ကဘူးလ် ဧပြီ ၃

အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်း၌ ဧပြီ၃ရက် နံနက်ပိုင်းက အင်အားပြင်း ငလျင်တစ်ခုလှုပ်ခဲ့ရာ အိမ်နီးချင်း ပါကစ္စတန်နှင့် ကက်ရှ်မီးယားရှိမြို့ကြီးများမှ နေအိမ်များ လှုပ်ရမ်းသွားကြောင်း အင်တာနက် သတင်းတွင်ဖော်ပြသည်။

အဆိုပါ ငလျင်လှုပ်မှုကြောင့် ကဘူးလ်၊ ဂျာလာလာဘတ်နှင့် ကက်ရှ်မီးယားမြို့များရှိ ပြည်သူများ နေအိမ်များကိုစွန့်ခွာ၍ ထွက်ပြေးကြကြောင်း၊ ယင်းငလျင်မှာ အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်း ဘာဒတ်ရှန်ပြည်နယ်ကို ဗဟိုပြုလျက်လှုပ်ခဲ့ပြီး အင်အား ၆ဒသမ၂ ရစ်ချ်တာစကေးရှိကြောင်း သိရသည်။

အဆိုပါငလျင်လှုပ်မှုကြောင့် မြေငလျင်ဗဟိုကျသည့် အာဖဂန်နစ္စတန်၌အဆောက်အအုံများ မည်မျှပျက်စီးသွားသည်ကို အသေးစိတ်မသိရသေးဟုဆိုသည်။

(ကိုးကား-အင်တာနက်)

မြိုင်ဆရာတော်တရားပွဲ

ရန်ကုန် ဧပြီ ၃

ဖြူးဆရာတော် ဘဒ္ဒန္တနရပတိ (ဓမ္မကထိက ဗဟုဇနဟိတဓရ)၏တပည့် မြိုင်ဆရာတော် အရှင်ပညာဇောတ (ဓမ္မာစရိယနယ်လှည့် ဓမ္မကထိက) အရှင်သူမြတ်သည် ဧပြီ ၅ရက်တွင် ရန်ကုန်တိုင်း ရွှေပြည်သာမြို့ ၁၆ရပ်ကွက် မလွန်ဆန်လှူဓမ္မသဘင်၊ ၆၊၇၊၈ရက်တွင် ဧရာဝတီတိုင်း ဇလွန်မြို့ မဟာသာကြီးရွာ ဓမ္မသဘင်၊ ၉ရက်တွင် မန္တလေးတိုင်း မြင်းခြံမြို့ တလုတ်မြို့ ဓမ္မသဘင်၊ ၁၁ရက်တွင် သာကေတမြို့ သဒ္ဒါရုံလမ်းမကြီးဓမ္မသဘင်၊ ၁၂ရက်တွင် ဇလွန်မြို့ မဟာသာကြီးရွာ ဓမ္မသဘင်၊ ၁၄ရက်တွင် ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် ၈ရပ်ကွက် မဥ္ဇူလမ်း အောင်သုခဗိမ္မာန်ကျောင်းတိုက် ဓမ္မသဘင်၊ ၁၅ရက်တွင် သာကေတမြို့နယ် သဒ္ဒါရုံ ၄လမ်း ဓမ္မသဘင်တို့၌ ညစဉ်၇နာရီမှစ၍တရားတော်များ ဟောကြားမည်ဖြစ်သည်။တရားပွဲပင့်လျှောက်သူများသည်ဓမ္မရက္ခိတ ဖြူးမဟာစည် သာသနာ့ရိပ်သာ အမှတ်၅ရပ်ကွက် လှိုင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၃၀၀၆၈၊ ၅၀၁၈၄၆ လိုင်းခွဲ ၁၈၁ တို့သို့ ဆက်သွယ်ပင့်လျှောက်နိုင်ကြောင်း သိရသည်။ **(က-ပ)**

ဘွဲ့တံဆိပ်တော်ဆက်ကပ်ခြင်းခံရသော ဘဒ္ဒန္တသုမန မထေရ်မြတ်အား ဂုဏ်ပြုပူဇော်

ဝါးခယ်မ မတ် ၁၂

ဧရာဝတီတိုင်း ဝါးခယ်မမြို့နယ် ကျုံမငေးစက်ရုံ ဓမ္မရိပ်သာပဓာန နာယကဆရာတော် ဘဒ္ဒန္တသုမန မထေရ်မြတ်အား ခရီးဦးကြိုပူဇော်ပွဲနှင့် ဂုဏ်ပြုပူဇော်ပွဲအခမ်းအနားကို မတ် ၅ရက် နံနက် ၉နာရီက ဝါးခယ်မမြို့ ဒေါ်ပိုက်မိဘိုးဘွားရိပ်သာ၌ ကျင်းပသည်။

ဆောက်တည်

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ် ရွတ်ဖတ်ပူဇော်ဖွင့်လှစ်ပြီး ဆရာတော်ကြီးထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ကျုံမငေးစက်ရုံ ဓမ္မရိပ်သာ ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုမနအား အလှူရှင် ဒါယကာ၊ ဒါယိကာမများက လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းပြီး ဒေါ်ပိုက်မိဘိုးဘွားရိပ်သာမှ ဝါးခယ်မ မြို့တွင်းလမ်းများသို့ ကြည်ညိုအပူဇော်ခံပြီး ကျုံမငေးစက်ရုံ ဓမ္မရိပ်သာသို့ ဆက်လက်ထွက်ခွာသွားသည်။ **(ဓပုံ)**

ဆရာတော်ကြီးသည် သာသနာတော်အလုပ်ကို ကြိုးစား အားထုတ်တော်မူခဲ့သဖြင့် ၂၀၀၇ခုနှစ် ဇန်နဝါရီလ ၄ရက် (လွတ်လပ်ရေးနေ့)တွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာ အမှတ် (၁/၂၀၀၇)ဖြင့် စက်ရုံဓမ္မရိပ်သာ ဆရာတော် ဘဒ္ဒန္တသုမန အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ဖြစ်သည့် အဂ္ဂမဟာပဏ္ဍိတဘွဲ့ တံဆိပ်တော်ကို ဆက်ကပ်တော်မူခဲ့ခြင်း ခံရသည်။ **(၃၇၆)**

မြို့နယ် သတင်းများ

ဖေဖော်ဝါရီ ၂၄ရက်မှ ၂၅ရက်အထိ ဘိုကလေးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းဖွင့်လှစ်သော ပန်းအလှပြင်သင်တန်း၌ ပထမရရှိသော ဒေါ်ဥမ္မာရွှေအား မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ကြည်ကြည်မာသန်းက ဆုချီးမြှင့်စဉ်။ (မြို့နယ် ပြန်/ဆက်)

ရဲယမန်းတောင်တန်းဒေသ အသင်းဝင်အဆိုပြုလွှာ ပေးအပ် လူကူးတံတားဖွင့်၊ စာအုပ်နှင့်ငွေပဒေသာပင်စိုက်ထူ

ကျောက်ဆည် မတ် ၁၀

ကျောက်ဆည်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက စီစဉ်ဆောင်ရွက်သည့်အသင်းဝင်အဆိုပြုလွှာ စုပေါင်းပေးအပ်ပွဲ၊ စာအုပ်နှင့်ငွေပဒေသာပင် စိုက်ထူလှူဒါန်းပွဲကို ဖေဖော်ဝါရီ ၂၅ရက် နံနက် ၉နာရီက ကျောက်ဆည်မြို့နယ် ရဲယမန်းတောင်တန်းဒေသရှိ ရဲကျေးရွာတွင် ကျင်းပသည်။

ဖွင့်လှစ်

ရှေးဦးစွာ ရဲရွာလျှပ်စစ်စီမံကိန်းလမ်းမကြီးနှင့် မူလတန်းကျောင်း ဆက်သွယ်သည့် လူကူးသစ်သားတံတားကို မြို့နယ်ဥက္ကဋ္ဌ ဦးအောင်သူနှင့် အလှူရှင် ဦးခင်မောင်ထွန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာ ပေးအပ်ပွဲကို အခြေခံပညာမူလတန်းကျောင်းတွင် ကျင်းပရာ ကျေးရွာ စည်းရုံးရေးမှူး ဦးကျော်မျိုးသန်းက အသင်းဝင်အဆိုပြုလွှာ အစောင် ၅၀၀ကို ပေးအပ်ရာ မြို့နယ်အသင်းအတွင်းရေးမှူး ဦးသီဟဆွေက လက်ခံယူသည်။

လက်ခံယူ

ဆက်လက်၍ တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ငွေကျပ်သုံးသောင်း၊ အလှူရှင် ရှစ်ဦးတို့က ငွေကျပ်လေးသောင်း၊ ခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနတို့က စာအုပ် ၃၄၃ အုပ် လှူဒါန်းကြရာ ခရိုင်ဦးစီးအရာရှိ ဦးညွန့်ရွှေနှင့် တာဝန်ရှိသူများက လက်ခံယူကြသည်။ **(ခရိုင် ပြန်/ဆက်)**

မိခင်/ကလေး အသင်းခွဲအသိအမှတ်ပြု ဂုဏ်ပြုလွှာပေးအပ်

အင်းတော် မတ် ၂၅

အင်းတော်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ဖွဲ့စည်းပေးခဲ့သော မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲများအား မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း(ဗဟို)က အသင်းခွဲ အသိအမှတ်ပြု ဂုဏ်ပြုလွှာ မှတ်တမ်းပေးအပ်ပွဲ အခမ်းအနားကို မတ် ၁၈ရက် နံနက် ၁၀နာရီက အင်းတော် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒေါ်ခင်မြင့်က အမှာစကားပြောကြားပြီး မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာမျိုးသန့်က ကျန်းမာရေးအကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ တွဲဖက်အတွင်းရေးမှူး ဒေါ်ခင်လှမိက အသင်းဖွဲ့စည်းပုံ အဆင့်ဆင့်ကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်အတွင်းရေးမှူး ဒေါ်ခင်မြင့်၊ မြို့နယ်အသင်း အတွင်းရေးမှူး ဒေါက်တာမျိုးသန့်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးရွှေထွန်းနှင့်တာဝန်ရှိသူများက အသင်းခွဲ(၁၂)သင်းမှဥက္ကဋ္ဌများအား မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း(ဗဟို)က အသင်းခွဲ အသိအမှတ်ပြု ဂုဏ်ပြုလွှာ မှတ်တမ်းများကို ပေးအပ်ကြကြောင်း သိရသည်။ **(၁၃၃)**



ချင်းပြည်နယ် ကျီခါးမြို့တွင် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော သရဖီလမ်း မြေသားလမ်းမှ ကျောက်ချောလမ်းအဆင့် တိုးမြှင့်ဆောင်ရွက်ပြီးစီးမှုကို မတ်၆ရက်က ချင်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ဦး ကွင်းဆင်းကြည့်ရှု စစ်ဆေးစဉ်။ (၄၁၇)

(၁၃)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲယှဉ်ပြိုင်မည့် ချင်းပြည်နယ်လူငယ်အသင်းအား အောင်နိုင်ရေးအလံအပ်နှင်း

မင်းတပ် မတ် ၂၇

(၁၀)ကြိမ်မြောက် အသက်(၁၃)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် ချင်းပြည်နယ်လူငယ်ဘောလုံးအသင်းအား အောင်နိုင်ရေး အလံအပ်နှင်းပွဲကို မတ် ၂၁ ရက် မွန်းလွဲ ၁ နာရီက မင်းတပ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ချင်းပြည်နယ်ကိုယ်စားပြု အသက်(၁၃)နှစ်အောက် လူငယ်ဘောလုံးအသင်းကို မင်းတပ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌဦးသန်းမြင့်က အားပေးစကားပြောကြားသည်။

ဆက်လက်၍ အသင်းအုပ်ချုပ်သူ အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးထန်းလိန်းက အားကစားသမားများ ရွေးချယ်လေ့ကျင့်ထားရှိမှု အခြေအနေကို ရှင်းလင်းတင်ပြပြီး ပြိုင်ပွဲဝင်ဘောလုံးသမားများနှင့် မိတ်ဆက်ပေးသည်။

ထို့နောက် မင်းတပ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးသန်းမြင့်က အသင်းအုပ်ချုပ်သူ ဦးထန်းလိန်းထံသို့ ချင်းပြည်နယ် အောင်နိုင်ရေးအလံအားပေးအပ်ပြီး မင်းတပ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သိန်းက ပြိုင်ပွဲဝင် ချင်းပြည်နယ်လူငယ်ဘောလုံး အသင်းအား ထောက်ပံ့ငွေများကို အသင်းအုပ်ချုပ်သူ ဦးထန်းလိန်းထံ ပေးအပ်သည်။ **(ခရိုင် ပြန်/ဆက်)**

မြင်းခြံမြို့ ဘဘလမ်းပေါ်ရှိ ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် မတ် ၁၀ ရက်က မြို့နယ်ခေတ္တအမှုဆောင်အရာရှိ ဦးသိန်းအောင် ဦးဆောင်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ စုပေါင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

မတ္တရာမြို့၌ လပတ်လုပ်ငန်း ညှိနှိုင်းစည်းဝေး

မတ္တရာ မတ် ၂၅

ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမဆောင်၌ မြို့နယ်၏လပတ်လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို မတ် ၁၅ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သိန်းက လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာများ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာကြသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှုတို့ကို တင်ပြညှိနှိုင်း ဆောင်ရွက်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မော်လမြိုင်ကျွန်းမြို့ တယ်ချောင်း ကျေးရွာချင်းဆက်လမ်းပေါ်ရှိ မီးသွေးဖိုချောင်းတံတားသစ်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၅ ရက်က အဆိုပါတံတားထိပ် မုခ်ဦးရှေ့၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင့်လွင်ဦးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

အမှတ်(၁)အလက (မော်လမြိုင်) ယခင်ရခိုင်စု(အလက)ကျောင်း၏ ဒုတိယအကြိမ် အာစရိယမြတ်ဆရာ ပူဇော်ပွဲ ကျင်းပရေးအတွက် မတ် ၂၃ ရက်က ရန်ကုန်တိုင်း ကျောက်တံတားမြို့နယ် အနော်ရထာလမ်း အိမ်အမှတ် ၁၁၁ နေ ကျောင်းသားဟောင်း ဦးဟန်တင်–ဒေါ်တင်သိန်း မိသားစုက ငွေကျပ် ၁၅သိန်းပေးအပ်လှူဒါန်းရာ ဒုတိယ အကြိမ် အာစရိယ မြတ်ဆရာ ပူဇော်ပွဲကျင်းပရေး ကော်မတီက လက်ခံယူစဉ်။ (ပညာရေး)

ဦးဘထွေး အား ရည်စူး၍ ကောလင်းမြို့နေ ဇနီး ဒေါ်သန်းရင်နှင့် သားသမီးများက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ ခြောက်ထပ် ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် တစ်သိန်းကို ရွှေစင်တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဂန္ဓမာလာလင်္ကာရထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) လက်ထောက်အုပ်ချုပ်ရေးမှူး ဦးထိန်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ရွှေကူမြို့ သရဖီလမ်း ကျောက်ချောလမ်းခင်း

ရွှေကူ မတ် ၁၀

ရွှေကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့တွင်းလမ်းများ ကောင်းမွန်စေရန်အတွက် ဆောင်ရွက်လျက်ရှိရာ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ် ဆောင်ရွက်ရန် လျာထားသော အမှတ်(၁)ရပ်ကွက်အတွင်းရှိ သရဖီလမ်း ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်မှုကို ဖေဖော်ဝါရီ ၂၅ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးနေမျိုးနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကွင်းဆင်း ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း)အနောက်ဘက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် နှစ်ဖက်သောမိဘများအား အမျှထား၍ ကရင်ပြည်နယ် ဘားအံမြို့ အမှတ်(၉)ရပ်ကွက် သီလရှင်ကျောင်းလမ်းနေ ကိုထွန်းထွန်းဇော်-မအိအိမော်တို့၏ မင်္ဂလာဦးအထိမ်းအမှတ်အဖြစ် အလှူငွေကျပ် တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း)အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း ပဓာနနာယက ဦးဆောင်နာယက ဩဝါဒစရိယ ဗုဒ္ဓဂယာဆရာတော် ဘဒ္ဒန္တဉာဏိန္ဒ(အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ) အိန္ဒိယနိုင်ငံ ပရဒေသီ သံဃနာယကအဖွဲ့ဥက္ကဋ္ဌထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

တကောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရပ်ကွက်၊ကျေးရွာအုပ်စု ဥက္ကဋ္ဌများနှင့် လုပ်ငန်းညှိနှိုင်း

တကောင်း မတ် ၂၅

ပြင်ဦးလွင် ခရိုင် တကောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနက ရပ်ကွက်၊ကျေးရွာအုပ်စု ဥက္ကဋ္ဌများနှင့်လုပ်ငန်းညှိနှိုင်း အစည်းအဝေးပွဲကို မတ် ၁၅ ရက်နံနက်၁၀နာရီကအဆိုပါရုံး၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်ထွန်းက မိုးစပါးကေပြည့်မီစွာ စိုက်ပျိုးကြရေး၊ ခြံစည်းရိုးကြက်ဆူပင် ပျိုးထောင်ကြရေး၊ ဒေသအရန်မီးသတ် တပ်ဖွဲ့ဝင်များ ဖွဲ့စည်းကြရေးတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်မြေစာရင်း ဦးစီးမှူး ဦးထွန်းမင်းနိုင်၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဒုတိယကြီးကြပ်ရေးမှူး ဦးအေးဝင်းတို့က မိုးစပါး ကေလျာထားမှု၊ ခြံစည်းရိုး ကြက်ဆူပင် ပျိုးထောင်ထားရှိမှု၊ မျိုးစေ့စုဆောင်းရရှိမှု အခြေအနေတို့ကို ရပ်ကွက်၊ ကျေးရွာအုပ်စု ဥက္ကဋ္ဌများနှင့် ညှိနှိုင်းဆွေးနွေးကြသည်။

(မြို့နယ် ပြန်/ဆက်)

မွန်ပြည်နယ် မော်လမြိုင်မြို့ သမိုင်းဝင် ကျိုက်သလွံစေတီတော်မြတ်ကြီး ပုရိဝုဏ်အတွင်း ဘက်စုံပြုပြင်တည်ဆောက်ရန်အတွက် ဖေဖော်ဝါရီ ၁၃ ရက်က အလှူရှင် မော်လမြိုင်မြို့ အောက်လမ်းမကြီးနေ ဦးမိုင်း-ဒေါ်ကြည် (မောင်မောင်ညီညီ) ကုန်မာဆိုင်မိသားစုတို့က ငွေကျပ်ငါးသိန်း ပေးအပ်လှူဒါန်းရာ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်းက လက်ခံယူစဉ်။ (၁၆၈)

အစုလိုက်ဝက်သက်ကာကွယ်ဆေးထိုး အသိပညာပေးဆွေးနွေးပွဲ ကွမ်းလုံ၌ ကျင်းပ

ကွမ်းလုံ မတ် ၂၆

ကွမ်းလုံမြို့နယ် အစုလိုက်ဝက်သက်ကာကွယ်ဆေးထိုးစီမံချက် (၂၀၀၇) အသိပညာပေးဆွေးနွေးပွဲကို မတ် ၁၆ရက် နံနက် ၉နာရီက ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်မောင်ဝင်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်ရွှေ၊ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်နှင့်ကျေးရွာဥက္ကဋ္ဌများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဆွေးနွေး

ရှေးဦးစွာ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာလှရွှေက အစုလိုက်ဝက်သက်ကာကွယ်ဆေးထိုးနှံခြင်းအကြောင်း ရှင်းလင်းဆွေးနွေးသည်။

ကွင်းဆင်း

အဆိုပါကာကွယ်ဆေးကို ကွမ်းလုံမြို့နယ်အတွင်းရှိ ရပ်ကွက် ခုနစ်ခု၊ ကျေးရွာအုပ်စု ၂၅အုပ်စုသို့ မတ် ၁၇ရက်မှ ၃၀ရက်အထိ ကွင်းဆင်းဆေးထိုးနှံပေးကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ကချင်ပြည်နယ် မိုးညှင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းရန်ပုံငွေရရှိရေးအတွက် ဖေဖော်ဝါရီ ၁၂ရက်က တိုင်းရင်းသားရိုးရာ အစားအစာများ ရောင်းချကြစဉ်။ (၁၅၂)

ပျိုးထောင်ထားသော ပန်းအလှပင်များ စုပေါင်းစိုက်ပျိုး

ငါန်းဇွန် မတ် ၁၀

ငါန်းဇွန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့တွင်းသာယာလှပရေး လုပ်ငန်းများကို လအလိုက်စီမံချက်များချမှတ် ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၁၉ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသောင်းထိုက်ဦးဆောင်သော ဝန်ထမ်းများသည် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရုံးရှေ့လမ်းဘေး ဝဲယာတို့တွင် အဖွဲ့ပိုင်ပျိုးဥယျာဉ်အတွင်းမှ ပျိုးထောင်ပြီး ပန်းအလှပင်ပေါက်များဖြစ်သော ရွက်လှပန်း၊ ကြက်မောက်ပန်းပင်များကို စုပေါင်း၍ပန်းခုံများဖြင့် ပြန်လည်မွမ်းမံ စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

တပ်ကုန်းမြို့နယ် ရွာသစ်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၏ ၂၀၀၅-၂၀၀၆ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၆ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မာဆွေက ထူးချွန်ဆုရကျောင်းသူတစ်ဦးအား ဆုများချီးမြှင့်စဉ်။ (၂၆၆)

ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့သစ်ဈေး မီးဘေးကြိုတင် ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့် ဆောင်ရွက်ခြင်းကို ဖေဖော်ဝါရီ ၂၀ရက်က မြို့နယ် ဒုတိယ ဦးစီးမှူး(ဈေး) ဒေါ်မြင့်မြင့်မူ၊ ဒုတိယဦးစီးမှူး(သန့်) ဦးဖြိုးဝေအောင်၊ ဈေးဝန်ထမ်းများနှင့် ဈေးသူဈေးသားများ စုပေါင်းဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

နွေစပါးစိုက်ပျိုးရေး ညှိနှိုင်းစည်းဝေး

ဝက်လက် မတ် ၁၀

ရွှေဘိုခရိုင် ဝက်လက်မြို့နယ် နွေစပါးစိုက်ပျိုးရေး ညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၂၂ရက် မွန်းတည့် ၁၂နာရီက မြို့နယ်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးကျော်နိုင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ဆည်မြောင်း ဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ပိုင်က ဆည်ရေ ပေးဝေမှု အခြေအနေ၊ ရေလုံလောက်စွာရရှိမည့် အခြေအနေနှင့် အလေ့အကျင့်ရှိအောင် ထိန်းသိမ်းစိုက်ပျိုးရေးကို ရှင်းလင်းဆွေးနွေးသည်။

ရှင်းလင်း

ဆက်လက်၍ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဒုတိယမန်နေဂျာ ဒေါ်ရီရီသိန်းက ကျေးရွာအုပ်စုအလိုက် နွေစပါး၊ နွေနှမ်းစီမံကိန်း ပြည့်မီစွာ စိုက်ပျိုးရေးတို့ကို ရှင်းလင်းတင်ပြဆွေးနွေးသည်။ **(မြို့နယ် ပြန်/ဆက်)**

မြို့နယ် သတင်းများ

မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ တောဇ လမ်းဘေးဝဲယာ နှစ်ပေ ချဲ့ ထွင် ခြင်းလုပ်ငန်းကို မတ် ၁၄ရက်ကအငယ်တန်း အင်ဂျင်နီယာ(၂) ဦးလှမျိုးဇော် ကြီးကြပ်ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦးနှင့် အင်ဂျင်နီယာမှူး ဦးထင်လင်းကျော်တို့ ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)



ရောင်နီသစ်

ကားမျိုးစုံ ငှားရမ်းနိုင်သည်။ မြို့တွင်း/မြို့ပြင် ခရီးစဉ် အမျိုးမျိုး ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်ပါ။

ဖုန်း ၀၁-၅၅၂၇၅၆၊ ၀၉-၅၁၂-၀၀၁၀၊ ၀၉-၅၀၀-၂၈၄၀၊ ၀၉-၅၁၅-၈၀၁၇။

စက်နှင့်စက်ပစ္စည်းကိရိယာများ အဝယ်တင်ဒါ

(မြန်မာကျပ်ငွေ)

၁။	**ဝယ်ယူမည့်ပစ္စည်းများ**	- လျှပ်စစ်ပစ္စည်းကိရိယာများ(Thermal Relays, Electri- cal Components and Disconnecting Switchs)
၂။	**တင်ဒါပိတ်ရက်နှင့်အချိန်**	- ၂-၅-၂၀၀၇၊ (၁၆း၀၀)နာရီ
၃။	**နေရာ**	- ချည်မျှင်နှင့်အထည်စက်ရုံ (ပွင့်ဖြူ)

တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်း အသေးစိတ်အချက်အလက်များကို စက်ရုံစီမံရေးဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

ချည်မျှင်နှင့်အထည်စက်ရုံ (ပွင့်ဖြူ)
ပွင့်ဖြူမြို့နယ်၊ မကွေးတိုင်း
တယ်လီဖုန်းအမှတ် - ၀၆၃-၆၀၂၂၁၊ ၆၀၂၁၈၊ လိုင်းခွဲ-၇၄၇။

အမည်ပြောင်း

မုဒုံမြို့နယ် အထက(ခွဲ) ပိန္နဲတိုက် နဝမတန်း (က)နေ ဦးလှသိန်း၏ သမီး မငွေသော်တာအား မငုဝါခိုင်ဟု ပြောင်းလဲခေါ်ပါရန်။

မငုဝါခိုင်။



ပဲခူးတိုင်း ပေါက်ခေါင်းမြို့ ပန်ထွာသီလရှင်စာသင်တိုက်သို့ စာသင်ခုံနှင့် စာရေးကိရိယာပစ္စည်းများ လှူဒါန်း

ပေါက်ခေါင်း မတ် ၃၁

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် ရွာထောင်ကျေးရွာအုပ်စု မြို့ကုန်းကျေးရွာရှိ ပန်ထွာသီလရှင် စာသင်ကျောင်းတွင် တိုင်း၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့များက စာသင်ခုံနှင့် စာရေးကိရိယာပစ္စည်းများ လှူဒါန်းပွဲကို မတ် ၂၅ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အဆိုပါ လှူဒါန်းပွဲတွင် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးစိန်မြင့်နှင့် ဇနီး ဒေါ်သိန်းပိုင်က လှူဒါန်းငွေကျပ် ၅၀၀၀၀၊ ပဲခူးတိုင်း(အနောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့က လှူဒါန်းငွေကျပ် ၄၅၅၀၀ နှင့် စာသင်ခုံ နှစ်ခုံ၊ ခရိုင် အမျိုးသမီးရေးရာအဖွဲ့က စာအုပ်နှင့် ဘောပင်၊ ခဲတံငါးဒါဇင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က စာသင်ခုံခြောက်ခုံတို့ကို လှူဒါန်းကြရာ သီလရှင် ဒေါ်နန္ဒစာရီက လက်ခံရယူပြီး သာဓုအနုမောဒနာ ခေါ်ဆိုခဲ့ကြောင်းသိရသည်။**(အပေါ်ပုံ)(ခရိုင် ပြန်/ဆက်)**

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ ခုနှစ်
နှောင်းတန်ခူးလပြည့်ကျော် ၄ ရက်
၅-၄-၂၀၀၇ (ကြာသပတေးနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ဗောဇ္ဈင်္ဂသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁း၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး (မျိုးထိန်းသိမ်းရန် လိုအပ်သည့် မြန်မာ့ကျောက်ငါးမျိုးများ)
၁၁း၃၅ စာအုပ်စာပေလူ့မိတ်ဆွေ
(၁) အင်္ဂလိပ်စာအရေးအသားများတတ်တဲ့အမှား (ဆရာဦးသိန်းလွင်)
(၂) ကိုယ်တွေ့ဂမ္ဘီရဖြစ်ရပ်ဆန်းများ (ဝတ္ထုတိုစုစည်းမှု-၂)
၁၂း၀၀ သိပ္ပံပညာသိကောင်းစရာ (ဦးနှောက်၏အစွမ်း-မောင်ဆုရှင်)
၁၂း၃၀ အစာနှင့် အာဟာရ (မုန့်လက်ဆောင်းနှင့် ရွှေရင်အေး)

ညနေပိုင်း

၁၆း၁၅ နိုင်ငံ့စီးပွား ကျေးလက်ထုတ်ကုန်များ (မုံရွာမြို့နယ် ကျောက္ကာကျေးရွာမှ ယွန်းထည်လုပ်ငန်း)
၁၆း၃၀ နိုင်ငံတကာစီးပွားရေးသတင်းပဒေသာ
၁၇း၀၀ တပ်မတော်စာတိုက်
၁၇း၁၅ သုတကမ္ဘာ
၁၈း၂၅ သံစဉ်တေးသွား မေတ္တာစကား
(၁) ကမ္ဘာတည်အောင် ချစ်မယ့်နှလုံးသား (မိုးမင်းဝင်း)
(၂) အချစ်ရှိသရွေ့ ကမ္ဘာတည်နေမယ် (တင်တင်မြ)
၁၈း၄၅ အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန်ဦးဘုန်းမြင့်)
၁၉း၁၅ ဓာတ်လမ်းပမာနားဆင်စရာ (လေထဲကသကြိန်)
၁၉း၃၅ ခေတ်မရွေးသောတေးများ
(၁) မန္တလာသူလေး (သုမောင်)
(၂) အဝါရောင်ခြယ်ပြီ (ခင်ယုမေ)
(၃) စံပယ် (မောင်မောင်ညွန့်)
၂၀း၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) မေတ္တာနုနုစေလာရင်ကွယ် (မောင်မောင်ကြီး)
(၂) ကျွန်မကိုချစ်ရင် အမေ့ကိုပြောပါ (ပန်တျာခင်ခင်အေး)
(၃) ချစ်လက်ဆောင် (ကိုမြသိန်း)

တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် သီရိမင်္ဂလာ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း သုံးထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ရန်အတွက် ဒဂုံလွင်လမ်းနေ ဒေါ်စွဲ့သန်းစိန်မိသားစုက အလှူငွေကျပ်ခြောက်သိန်းကို ကျောင်းထိုင်ဆရာတော်ရှေ့မှောက်၌ ပေးအပ်လှူဒါန်းရာ အကျိုးတော်ဆောင် ဦးထွန်းကြည်က လက်ခံယူစဉ်။ (၁၁၅)

ကက္ကူစာပုဏ္ဏစေတီ အုတ်မြစ်ချပွဲနှင့် အမရဝတီ ဆရာတော်ဂုဏ်ပြုပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၃

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာ အမှတ်(၁/၂၀၀၇)ဖြင့် သဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ်တော် ဆပ်ကပ်ခြင်းခံရသော အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ် နော့ဝပ်မြို့ ဓမ္မသုခကျောင်းနှင့် ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ကုန်းတလပေါင်စံပြကျေးရွာ အမရဝတီကျောင်း ပဓာန နာယက ဆရာတော် ပြည်တွင်း၊ ပြည်ပ သာသနာပြု ဘဒ္ဒန္တ ရေဝတအား ဂုဏ်ပြုပူဇော်ပွဲ၊ အမရဝတီကျောင်းတိုက်အတွင်းရှိ ရှေးဟောင်း သမိုင်းဝင် ကက္ကူစာပုဏ္ဏ စေတီတော်မြတ်ကြီးအား ပြန်လည်တည်ထားကိုးကွယ်ရန် အုတ်မြစ်ချမင်္ဂလာ အခမ်းအနား၊ သဒ္ဓမ္မ ဇောတိကဓဇ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ဆောက်လုပ်ရန် အလှူငွေပေးအပ်ပွဲနှင့် ပုညကာရီသိမ်တော်ကြီး ရေစက်ချမင်္ဂလာ အခမ်းအနားကို ဧပြီ ၁၇ ရက်တွင်ကျင်းပမည်ဖြစ်သည်။ စေတနာရှင် များသည် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ဦးညိုအေး ဖုန်း-၅၇၂၆၃၈၊ ၀၉-၅၁၉၄၇၆၅ နှင့် ဦးမြတ်မျိုးသန့် ဖုန်း-၀၉-၅၀၀၀၈၃၈ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ချင်းပြည်နယ် ဟားခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော ဟားခါး-ခွာဘဲ ကျေးလက်မြေသားလမ်း ဖောက်လုပ်ပြီးစီးမှုကို မတ် ၅ ရက်က ချင်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ဦး ကွင်းဆင်းစစ်ဆေးစဉ်။ (၄၁၇)

ဝိုင်းမော်မြို့ အမှတ်(၂)ရပ်ကွက်၌ စက်ရေတွင်းဖွင့်

ဝိုင်းမော် မတ် ၃၁

ဝိုင်းမော်မြို့ အမှတ်(၂)ရပ်ကွက်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ယူတူးဖော်သည့် စက်ရေတွင်းဖွင့်ပွဲ အခမ်းအနားကို မတ် ၂၀ ရက်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ခေတ္တဥက္ကဋ္ဌ ဒုတိယရဲမှူးသောင်းဖေနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းနိုင်တို့က အမှာစကားပြောကြားပြီး ဒေသခံပြည်သူများကိုယ်စား ရပ်မိရပ်ဖ ဦးဆိုင်းလီက ကျေးဇူးတင်စကား ပြောကြားသည်။

အဆိုပါ စက်ရေတွင်းကို မြို့နယ်ခေတ္တဥက္ကဋ္ဌ ဒုတိယရဲမှူး သောင်းဖေ၊ မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဦးဝင်းနိုင်၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးဒိုင်ခေါင်တို့က စက်ရေတွင်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

အိမ်မဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် မြို့နယ် မီးဘေးကြိုတင် ကာကွယ်ရေး၊ မီးငြိမ်းသတ်ရေးနှင့် ကျေးလက်ဒေသ မီးဘေးလုံခြုံရေး အတွက် ကြာထော်ညောင်ချောင်း ကျေးရွာအကြို အခြေခံ မီးသတ်သင်တန်း အမှတ်စဉ် (၇/၂၀၀၇)ကို ဖွင့်လှစ်ခဲ့ရာ သင်တန်း ဆင်းပွဲတွင် မြို့နယ်ဥက္ကဋ္ဌ ဦးသိန်း ဝင်းနှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးမြင့်ဦးတို့က အရန်မီးသတ်တပ်ဖွဲ့ဝင်များကို စစ်ဆေး စဉ်။ (က-ပ)

ရေနံချောင်းမြို့၌ မီးဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းများဆောင်ရွက်

ရေနံချောင်း မတ် ၃၁

ရေနံချောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးနှင့် ရတနာဈေးများအတွင်း မီးဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းများဆောင်ရွက်ထားရှိမှုနှင့် ပုံကျဈေးသည်များ တည်ခင်းရောင်းချနေမှုကို မတ် ၁၆ ရက်က မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးညိုဝင်းမြင့် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင့်လွင်ဦးနှင့် ဒုတိယဦးစီးမှူး(အခွန်) ဦးရှိန်မြင့်မောင်တို့က လုပ်ငန်းဆောင်ရွက်မှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ပြည်–ပေါက်ခေါင်း–တောင်ငူလမ်း တိုးတက်ပြုပြင်ခြင်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၃

ပဲခူးတိုင်း တောင်ငူမြို့၌ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ဧပြီ ၂ရက်နံနက်ပိုင်းတွင် ပြည်–ပေါက်ခေါင်း–တောင်ငူလမ်း တိုးတက်ပြုပြင်ခြင်းလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

စာမျက်နှာ ၉ ကော်လံ ၁ ■

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ပြည်–ပေါက်ခေါင်း–တောင်ငူလမ်း တိုးတက်ပြုပြင်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ကော့ကရိတ်နှင့် မြဝတီခရိုင်တို့မှ ဌာနဆိုင်ရာများအား ဒေသဖွံ့ဖြိုးရေးဆိုင်ရာများမှာကြား

နေပြည်တော် ဧပြီ ၃

ကရင်ပြည်နယ် ကော့ကရိတ်မြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် မတ် ၃၁ ရက် နံနက်ပိုင်းတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်း၊ ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများလိုက်ပါလျက် ကော့ကရိတ်မြို့နယ် ခြံစည်းရိုးကြက်ဆူပျိုးပွဲတော်သို့ တက်ရောက်အားပေးပြီး ကော့ကရိတ်မြို့နယ်ခန်းမ၌ ကော့ကရိတ်ခရိုင်နှင့် မြဝတီခရိုင်တို့မှ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖ တိုင်းရင်းသားပြည်သူများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေး ဆိုင်ရာများနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

စာမျက်နှာ ၉ ကော်လံ ၃ ●

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ဘားအံမြို့နယ် ဂျိုင်းကျေးရွာရှိ ဂျိုင်းမြစ်ရေတင်လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

သတင်း၊ ဆောင်းပါး အညွှန်း

အပြည်ပြည်ဆိုင်ရာ ကလေးများ စာဖတ်ပွဲနေ့ အထိမ်းအမှတ်အဖြစ် တရုတ်နိုင်ငံ ယန်ချန်း ပြည်နယ်၌ မူလတန်းကျောင်းတွင် စာဖတ်ပွဲကျင်းပနေသည်ကို ဧပြီ ၂ ရက်က တွေ့ရစဉ်။

နိုင်ငံတကာသတင်း (စာ – ၁၁)

ငွေဆောင်ကမ်းခြေ (သို့မဟုတ်) ထွန်းတောက်လာမည့် ကြယ်တစ်ပွင့်

ငွေဆောင်သည် မြန်မာပြည်တွင်ရှိသည်။ မြန်မာနိုင်ငံ၏ ကျော်ကြားသော ကမ်းခြေများထဲတွင် ငွေဆောင်ဆိုတာရှိသည်ဆိုသော စကားစုလေးအတွက် အားလုံးကြိုးပမ်းကြရမည်ဟု အဖြေဖော်ထုတ်ရရှိနိုင်သည်။

ချစ်ဆွေမြင့်၏ဆောင်းပါး (စာ – ၄)

ယခုနှစ်၌ ပုံမှန်ခြေစွမ်းပြနိုင်ပြီး အသင်းစုစည်းမှု အားကောင်းနေသော ဝါဒါဘရီမင်အသင်း။

မောင်မောင်မြင့်ဆွေ၏ ဆောင်းပါး (စာ–၁၃)